“ယောကျ်ားဆိုတာ ဘယ်အရာမဆို လုပ်ရဲရမယ်” ဆိုတဲ့ လွဲမှားတဲ့ စိတ်ခံယူချက်ကြောင့် မူးယစ်ကျေးကျွန်ဘဝ ရောက်ရှိခဲ့ဖူးသူ

စာ .. ၁၀-၁၁ သို့ »



စာ .. ၉ သို့ »

မြစ်ဆုံစီမံကိန်း ကန့်ကွက်သူများ၏ လက်မှတ်များ လိုက်လံကောက်ခံ

စာ .. ၄ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၇) | “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” | ( မေ ၂၇ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## မြစ်ကြီးနားမြို့တွင်း လမ်းမကြီးများတိုးချဲ့ခြင်းနှင့်

# အပင်ခုတ်လှဲခြင်း

“လမ်းတိုးချဲ့ဖောက်လုပ်ရန်အတွက်သာ စဉ်းစားပြီး ဤကဲ့သို့သော သမိုင်းဝင် သင်္ကေတများကို မဖျက်ဆီးသင့်ပါ။”

စာ .. ၁၅ သို့ »



ဓာတ်ပုံ - Salai

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com
http://www.facebook.com/myitkyinanewsjournal.mm
Youtube - myitkyinanewsjournal
( မေ ၂၇ ၊ ၂၀၁၉ )










# ဝေးလံခေါင်းပါး ဒေသမှပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ရန် မြစ်ကြီးနားတွင် ရုံးခွဲဖွင့်လှစ်

မေ ၂၃

ကချင်ပြည်နယ်အတွင်း ဝေးလံခေါင်ပါးပြီး ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ပေးရန်အတွက် ဒေါက်တာသန်းထိုက်ဦးနှင့် ဒေါက်တာမူမူအောင် ဂရိတ်မိသားစုက ဦးစီးပြီး သန်းထိုက်ဦး ကုမ္ပဏီရုံးခွဲကို မြစ်ကြီးနား၊ မြို့သစ်ကြီးရပ်ကွက် နယ်မြေ ၁ တွင် မေလ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။


အဆိုပါကုမ္ပဏီသည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး သုံးခုတွင်လည်းဖွင့်လှစ်ထားရာ မြစ်ကြီးနားမြို့တွင် ၄ ခုမြောက် ရုံးခွဲဖွင့်လှစ်ခြင်းဖြစ်ပြီး ဆေးပညာရှင်များနှင့် ပူးပေါင်း ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကာ ဝေးလံခေါင်ပါးပြီး ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည့်အပြင် ကျန်းမာရေးအသိပညာများ ဝေငှခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မရှိ ဆင်းရဲသားတွေရဲ့ ကျန်းမာရေးကို အခမဲ့ကုသပေးသွားမှာပါ။ ကချင်ပြည်နယ် ဝေးလံခေါင်းပါးဒေသတွေသာမက အခြားနယ်ကသူတွေ မန္တလေး၊ ရန်ကုန်ကို ဆေးကုဖို့ စရိတ်အခက်အခဲဖြစ်ရင် ကျွန်တော်တို့ကူညီသွားမှာပါ။ သူတို့လိုအပ်ချက်ပေါ် မူတည်ပြီး သွားရောက် ကုသပေးမှာ ဖြစ်တယ်"ဟု ဟိုမီယိုပက်သစ် ဆေးပညာရှင်များနှင့် အော်တာနေသစ် ဆေးပညာရှင်များ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ပြည်ထောင်စုအဆင့် NGO Founder ဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦးက ပြောသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် လိုအပ်ပါက မန္တလေး၊ ရန်ကုန်၊ နေပြည်တော် ဆေးရုံများကြီးများသို့ လွှဲပြောင်းကာ ကုသပေးသည့် လုပ်ငန်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများလိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ■

မွန်းမွန်းပန်




# ကိုယ်ကာယ ပြန်လည်သန် စွမ်းရေးဌာနသို့ လာရောက်သူအများစုမှာ

# မတော်တဆထိခိုက်မှုများကြောင့် ဖြစ်

မေ ၂၂

**မြစ်**ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီး၊ ကိုယ်ကာယ ပြန်လည် သန်စွမ်းရေး ဌာနတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများကို အခမဲ့ ခြေတုလက်တုများ၊ အကူကိရိယာများ၊ ဘီးတပ်ကုလားထိုင်များ အခမဲ့တပ်ဆင်ပေးလျက်ရှိရာ မတော်တဆဖြစ်မှုကြောင့် လာရောက်တပ်ဆင်သူ ပိုမိုများပြားကြောင်း ယင်းဌာနမှ သိရသည်။

ထိုဌာနစတင် ဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ်မှ စ၍ ပေါက်ကွဲစေတတ်သည့် အရာကြောင့် ထိခိုက်သူ ၉၇ ဦး၊ မတော်တဆဖြစ်မှုကြောင့် ထိခိုက်သူ ၁၂၅ ဦး၊ ရောဂါနှင့် မွေးရာပါ ချို့ယွင်းချက်ကြောင့် ထိခိုက်သူ ၆၄ ဦး၊ အသေးစားပြုပြင်မှု ပြုလုပ်သူ ၆၅ ဦးလာရောက် ဆောင်ရွက်ခဲ့ကြပြီး ထိုအထဲတွင် မတော်တဆဖြစ်မှုကြောင့် ထိခိုက်သူ ပိုမိုများပြားကြောင်း သိရသည်။

မတော်တဆ ဖြစ်မှုကြောင့် လာရောက်သူများထဲတွင် လုပ်ငန်းခွင်အတွင်း ထိခိုက်မှု၊ ယာဉ်မတော်တဆမှု၊ ရွှေတူးရာတွင် ကျောက်တုံးဖိကာ ထိခိုက်သူတို့ပါဝင်ကြောင်း သိရသည်။

ထိုဌာနမှ အခမဲ့ ဝန်ဆောင်မှု ရယူလိုသူများအနေဖြင့် ရပ်ကွက်ထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ ၃ ပုံ လိုအပ်မည်ဖြစ်ပြီး လူမျိုးဘာသာမရွေး အခမဲ့ လာရောက်တပ်ဆင်နိုင်ကြောင်း သိရသည်။

ခြေတုလက်တု တပ်ဆင်လိုသူများသည် ထိခိုက်မှုဖြစ်ပွားချိန်မှ အနည်းဆုံး ၃လ သို့မဟုတ် ၄ လခန့် အနာကျက်ချိန်တွင်မှ တပ်ဆင်နိုင်မည်ဖြစ်ပြီး လူနာပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်သည်ဟု ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန မန်နေဂျာ ဦးအောင်ခင်က ပြောသည်။

"နဂိုက တပ်ပြီးသား လာလဲတယ်ဆိုရင်တော့ အချိန်မယူရဘူး၊ အခုမှတပ်မယ့်သူတွေဆိုရင်တော့ ခြေတုလက်တုနဲ့ ကျင့်သားရတဲ့အထိ အချိန်ယူရတယ်" ဟု မန်နေဂျာ ဦးအောင်ခင်က ပြောသည်။

အဆိုပါဌာနသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စ၍ ခြေတုလက်တု လိုအပ်သူများကို တပ်ဆင်ပေးလျက်ရှိရာ ယခုနှစ် ၂၀၁၉ ခုနှစ် ဧပြီလထိ ခြေတုလက်တု လာရောက်တပ်ဆင်သူ ၂၈၆ဦး၊ အားပြုကိရိယာတပ်ဆင်သူ ၄၀ဦး၊ လက်ထောက်အကူကိရိယာ အသုံးပြုသူ ၂၅၁ ဦး၊ ဘီးတပ်ကုလားထိုင်အသုံးပြုသူ ၂၆ဦး စုစုပေါင်း ဝန်ဆောင်မှုပေး ခဲ့သူဦးရေ ၄၂၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

နယ်ဝေးမှ လာရောက်သော အတွင်းလူနာများအတွက် စားဝတ်နေရေးကိစ္စများကို အခမဲ့စီစဉ်ပေးသွားမည်ဖြစ်ပြီး ခရီးစရိတ်များကိုလည်း စီစဉ်ပေးနေကြောင်း သိရသည်။

အထက်ပါ ဝန်ဆောင်မှုပေးခြင်း အစီအစဉ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။ ■

Myu Myat Myat Pan/ Ann



## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်၊
နယ်မြေ (၁၉) တွင်နေထိုင်သော
ဦးငြိမ်းချမ်းအောင်နှင့်
ဒေါ်ကေဇင်ဦးတို့၏သားအမည်ကို
မောင်သန့်ဇင်ဦးမှ မောင်ဇေယျာငြိမ်းချမ်းဟု
ပြောင်းလဲခေါ်ဆိုပေးပါရန်
အသိပေးကြေညာအပ်ပါသည်။

ဦးငြိမ်းချမ်းအောင် + ဒေါ်ကေဇင်ဦး

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝဝဝ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝဝဝ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ဝဝဝဝ၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (ဝ၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ဝ၉ - ၂၅၉၀၇၇၄၀၅
ဝ၉ - ၂၅၆၃၆ဝ၂၇၄
ဝ၉ - ၄၂ဝဝ၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# မြစ်ဆုံစီမံကိန်း ကန့်ကွက်သူများ၏ လက်မှတ်များ လိုက်လံကောက်ခံ

မေ ၂၃

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တွင် မြစ်ဆုံစီမံကိန်း ကန့်ကွက်သော လက်မှတ်များ ကောက်ခံရာ လက်မှတ်စုစုပေါင်း တစ်သောင်းကျော် ရရှိနေပြီး ဆက်လက်ကောက်ခံသွားမည် ဖြစ်ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

ယင်းလက်မှတ်ကောက်ခံမှုကို ဖေဖော်ဝါရီလနှင့် မတ်လတွင် ဒေသခံပြည်သူလူထုများ၊ လူမှုအဖွဲ့အစည်းများမှ ဦးဆောင်၍ ကော်မတီဖွဲ့ကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ကန့်ကွက်မဲကောက်ခံခြင်းသည် ပြည်သူတစ်ရပ်လုံးက မြစ်ဆုံကို မစွန့်လွှတ်နိုင်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များနှင့် သက်ဆိုင်သည်ကို ပြသခြင်းဖြစ်ကြောင်း မြစ်ဆုံစီမံကိန်းကန့်ကွက်မှု ဖြစ်မြောက်ရေးကော်မတီ(ဝိုင်းမော်)မှ ဦးဒေါင်ခေါင်က ပြောသည်။

"ထိရောက် မထိရောက်လို့ ပြောမယ့်အစား ကျွန်တော်တို့ကတော့ မြစ်ဆုံကို လုံးဝမစွန့်လွှတ်နိုင်ဘူး။ ကျွန်တော်တို့ လုပ်တဲ့အပေါ်မှာ ထိရောက်မှုကတော့ နိုင်ငံတော်အစိုးရပိုင်းက ဘယ်လောက်အထိ စဉ်းစားပေးတယ်ဆိုတဲ့အပေါ်မှာ မူတည်တာပေါ့လေ"ဟု ၎င်းက ပြောသည်။

တစ်ပြည်နယ်လုံး အတိုင်းအတာ ကန့်ကွက်လက်မှတ်ရေးထိုးရာတွင် အထောက်အကူ ပြုနိုင်ရန်၊ အခြားအဖွဲ့များနှင့် စုပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ကြောင်း မြစ်ကြီးနားမြို့မှ ကန့်ကွက်လက်မှတ်ကောက်ခံရာတွင် ဦးဆောင်ပါဝင်ခဲ့သော KDNG (Kachin Development Networking Group) မှ အထွေထွေအတွင်းရေးမှူး ဦးစတီဗင်က ပြောသည်။

ယင်းသို့ အဖွဲ့အစည်းသည် ကချင်ပြည်နယ်အတွင်း အခြားသောဒေသများတွင်လည်း ဆက်လက်ကောက်ခံသွားမည် ဖြစ်ပြီး တရုတ်အစိုးရ၊ မြန်မာအစိုးရနှင့် နိုင်ငံတကာသို့ ရောက်သည်အထိ တင်ပြသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဒေသအသီးသီးမှ ပါဝင်လက်မှတ်ရေးထိုးလိုလျှင် KDNG ဖုန်း ဝ၉-၄ဝ၁၅၃၈၂၄၉ သို့ ဆက်သွယ်ကာ မည်သူမဆို လာရောက်ပါဝင်နိုင်ကြောင်း ဦးစတီဗင်က ပြောသည်။

"တရားဝင် တင်ပြနိုင်မယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်နိုင်တဲ့ အဆင့်ဖြစ်လာအောင်တော့ ကြိုးစားနေတာပါ။ ပါဝင်ချင်တဲ့သူ ဘယ်သူပဲဖြစ်ဖြစ် ဘယ်မြို့နယ်က ဘယ်လောက်ဆိုပြီး ဆက်သွယ်လာလို့ရပါတယ်။ အားလုံးပါဝင်လာနိုင်လေ ပိုကောင်းလေပါပဲ"ဟု ၎င်းက ပြောသည်။

မြစ်ဆုံစီမံကိန်း မဖျက်သိမ်းသရွေ့ ရရှိထားသည့် ကန့်ကွက်မဲစာရင်းကို ကော်မတီအဖွဲ့ဝင်များနှင့် တိုင်ပင်ကာ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝိုင်းမော်မြို့မှ မြစ်ဆုံစီမံကိန်းကန့်ကွက်မှုဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘောမ်ဆောင်က ပြောသည်။

ကန့်ကွက် လက်မှတ်ကောက်ခံရာတွင် ဝိုင်းမော်မြို့နယ်မှ ကန့်ကွက်လက်မှတ်ပေါင်း ၁၈၇၅ ရရှိခဲ့ပြီး မြစ်ကြီးနားမှ ခန့်မှန်းခြေ ၇ဝဝဝ ခန့် ရရှိခဲ့ကြောင်း သိရသည်။

မြန်မာပြည် အောက်ပိုင်း ဧရာဝတီ မြစ်ရိုးတစ်လျှောက်ရှိ မြို့ပေါင်း၂ဝ မှ ပြည်သူများ စုပေါင်းကာ မြစ်ဆုံစီမံကိန်း ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးပြီး တရုတ်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပေးပို့သွားရန် စီစဉ်နေကြောင်းလည်း သိရသည်။ ■

Ann

# တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

မေ ၂၄

တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များ ကောက်ယူခြင်းဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်ခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့၊ အံတော်ရှင် တောင်တန်းသာသနာပြု ကျောင်းတိုက်တွင် မေလ ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ ကချင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာများ ရရှိစေရေးနှင့် တိုင်းရင်းသားများ၏ ရပိုင်ခွင့်အခွင့်အရေးများ ဥပဒေအရ အကာအကွယ်ပေးရေး ဆိုင်ရာတို့ကို ဒေသခံ တိုင်းရင်းသားများ သိရှိနားလည်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်က ပြောသည်။

ကချင်ပြည်နယ် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ဝင်းမှ ဝန်ကြီးဌာနဖွဲ့စည်းနိုင်မှုအခြေအနေ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များနှင့် တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ရေးဆွဲထားသည့် ဥပဒေပါ အခန်းများအလိုက် ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ■

မွန်းမွန်းပန်



# မြစ်ကြီးနား လေ့ကျင့်ရေးကျောင်း အပ်နှံခွင့်ရရေး ကျောင်းသားမိဘများ ညအိပ်တန်းစီနေရ

သို့

အယ်ဒီတာ

ကျွန်တော်၏ သားဖြစ်သူသည် အသက်ပြည့်ပြီးဖြစ်၍ ကျောင်းအပ်နှံရန် မြစ်ကြီးနားမြို့၊ ဧရာရပ်ကွက်ရှိ လေ့ကျင့်ရေး ကျောင်းတွင် သွားရောက်ခဲ့ပါသည်။ ထိုသို့သွားရာ ကျောင်းသားမိဘများသည် ည ၉ နာရီ ခန့်ကအိပ်ပြီး တန်းစီနေရာယူထားရပါသည်။

မိဘများသည် မိမိကလေးများ ကျောင်းတက်နိုင်ရေးအတွက် အချိန်များပေးရသည့်အပြင် ကျောင်းကော်မတီအဖွဲ့နှင့်လည်း တစ်ဦးချင်း တွေ့ဆုံရပါသည်။ တွေ့ဆုံရာတွင် ကျောင်းအတွက် ရန်ပုံငွေကိုလည်း ၃ သိန်းနှင့်အထက် ထည့်ဝင်ရပါသည်။ ကလေးများအနေဖြင့်လည်း နှုတ်ဖြေများ ဖြေဆိုရပါသည်။ မထည့်နိုင်သည့် မိဘများ၏ ကလေးများကို ကျောင်းမှ လက်ခံမည် မဟုတ်ပါ။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျောင်းအုပ်ကြီးထံ သွားရောက်ပြောကြားရာ ၎င်းမှ မသိကြောင်း ပြောခဲ့သည်။ ထိုအကြောင်းအရာများမှာ မြန်မာနိုင်ငံအစိုးရက ထုတ်ပြန်ထားသည့် ကျောင်းအဂတိလိုက်စားမှု ကင်းရှင်းရေးဆိုသည့် စကားရပ်နှင့် လွဲမှားနေပါသည်။

ဘာကြောင့် အဆိုပါ လေ့ကျင့်ရေးကျောင်း တစ်ခုတည်းသာ ထိုကဲ့သို့ ဖြစ်နေရသလဲဆိုတာကို သိရှိလိုကြောင်းနှင့် ထိုသို့သောကိစ္စရပ်များသည် မဖြစ်သင့်ကြောင်း ပြည်နယ်အစိုးရသာမက မြန်မာနိုင်ငံ ဗဟိုအဆင့်အထိ သိရှိစေရန် မြစ်ကြီးနားသတင်းဂျာနယ်မှတစ်ဆင့် တင်ပြလိုက်ရပါသည်။

ဦးအောင်နိုင်ဝင်း
ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့

# တိုင်းရင်းသား လက်နက်ကိုင်လေးဖွဲ့ တွေ့ဆုံပွဲ နေရာ မသတ်မှတ်ရသေး

မေ ၁၇

**အ**စိုးရနှင့် မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင် လေးဖွဲ့တို့ မေလ ၂၄ နှင့် ၂၅ ရက်နေ့တွင် တွေ့ဆုံရန် သတ်မှတ်ခဲ့သော်လည်း တွေ့ဆုံမည့် မြို့နေရာ ညှိနှိုင်းမှု အဆင်မပြေခြင်းကြောင့် တွေ့ဆုံမည့်ရက် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးမည့်မြို့နေရာကို အစိုးရဘက်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ လာရှိုးတို့တွင် ပြုလုပ်လိုပြီး မြောက်ပိုင်းအဖွဲ့ ၄ ဖွဲ့တို့ကမူ ယခင်တွေ့ဆုံခဲ့သည့် မူဆယ်နှင့် ပန်ဆန်းတို့တွင် တွေ့ဆုံလိုကြကြောင်း ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)မှ တာဝန်ရှိသူ ဦးဆန်အောင်က ပြောသည်။

"နေရာ အဆင်မပြေလို့ ရက်ရွှေ့သွားတယ်။ နောက်ဆုံးမှာတော့ လာရှိုးကို နည်းနည်း လျှော့လာတာပေါ့။ ဒါပေမဲ့ လက်နက်ကိုင်အဖွဲ့တွေကတော့ နဂိုလုပ်ခဲ့တဲ့ မူဆယ်မှာ လုပ်ချင်တယ်။ ပန်ဆန်း သို့မဟုတ် မူဆယ်ပေါ့။ မူဆယ်ကျတော့လည်း အစိုးရဘက်က လူကြီးတွေက သွားရလာရတာ အဆင်မပြေဘူး ဆိုတဲ့အနေအထားမျိုး ဖြစ်နေတယ်။ အဲ့ဒါကြောင့် နည်းနည်း ညှိနှိုင်းနေရဆဲ ဖြစ်နေတယ်"ဟု ဦးဆန်အောင်က ပြောသည်။

မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် ၄ ဖွဲ့မှလည်း အစိုးရဘက်မှ ရွေးချယ်သည့် မြို့နေရာများသည် ၎င်းတို့၏ ဆုံးဖြတ်နိုင်မည့်ခေါင်းဆောင်များ တက်ရောက်မည် ဖြစ်သည့်အတွက် သွားရေးလာရေး လုံခြုံရေးအခြေအနေအရ စိုးရိမ်မှုများ ရှိနေသည်ဟု ၎င်းက ထပ်မံပြောဆိုသည်။

"လောလောဆယ် သူတို့မှာလည်း တိုက်ပွဲတွေဖြစ်နေတယ်။ သူတို့ပဲ ဆုံးဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ သူတို့ရဲ့ သွားလာရေးအတွက် လုံခြုံရေးကြောင့်ပေါ့"ဟု ဦးဆန်အောင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

လက်ရှိ အနေအထားတွင် ပြန်လည် တွေ့ဆုံနိုင်မည့်ရက် အတိအကျမသိရှိရသေးကြောင်း တွေ့ဆုံမည့် မြို့နေရာ ညှိနှိုင်းရွေးချယ်ပြီးမှသာလျှင် နေ့ရက်ကို သတ်မှတ်နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းကထပ်မံပြောဆိုသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)နှင့် မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့ ၄ဖွဲ့တို့သည် ဧပြီလ ၃၀ ရက်နေ့က ပထမအကြိမ် မူဆယ်မြို့တွင် တွေ့ဆုံခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲတွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီး ဒုတိယအကြိမ် တွေ့ဆုံမှုကို ယခုလ မေလ ၂၄၊၂၅ ရက်နေ့တွင် ထပ်မံတွေ့ဆုံရန် သတ်မှတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းခဲ့ရခြင်းလည်း ဖြစ်သည်။

တတိယအပတ်တွင်ထပ်မံတွေ့ဆုံရန်အတွက် ယာယီအားဖြင့် သဘောတူခဲ့ကြပြီးနောက် ယခုကဲ့သို့ ပြန်လည်တွေ့ ဆုံ ရန်ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ပိုင်းလက်နက်ကိုင် ၄ ဖွဲ့တို့က နှစ်ဦးနှစ်ဖက် အပစ်ခတ်ရပ်စာချုပ်များကို အစိုးရထပ်ပေးခဲ့ကြပြီး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် အဆိုပါအပစ်ရပ်စာချုပ်များနှင့် ပတ်သက်ပြီး ပြန်လည်ဆွေးနွေးမည်ဖြစ်သည်။

ထို့အပြင် ပထမအကြိမ် မူဆယ်တွေ့ဆုံပွဲတွင် တပ်မတော်ဘက်မှ ပါဝင်ခဲ့ခြင်းမရှိဘဲ ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် တပ်မတော်ဘက်မှပါဝင်လာမည့် အနေအထားရှိသည့်အတွက် ခရီးရောက်မည့် ဆွေးနွေးပွဲ ဖြစ်လာနိုင်ကြောင်းလည်း ဦးဆန်အောင်က ပြောသည်။

မူဆယ်ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် အရေးကြီးသော ခြေလှမ်းဖြစ်ပြီး မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့အနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးလုပ်ငန်းများကို စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့က မေလ ၂ ရက်နေ့က သဘောထား ထုတ်ပြန်ခဲ့သည်။

ဧပြီ ၃၀ ရက်နေ့ မူဆယ်ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ဖြစ်သော KIO ကချင်လွတ်မြောက်ရေး အဖွဲ့၊ MNTJP(မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) တို့ဖြင့် နံနက်၉ နာရီမှစတင်ကာ မူဆယ် - နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များ အသင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ■

Salai




အယ်ဒီတာ့အာဘော် Editorial

## တိုင်းပြည်စီးပွားတိုးတက်ဖို့ ပညာရေးကဏ္ဍ မြှင့်တင်စို့

ဒီနေ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်္ကာပူ နိုင်ငံတွေ စီးပွားရေးကဏ္ဍမှာ အောင်မြင်နေတာ တွေ့ကြမှာပါ။ အကြောင်းရင်းက သူတို့နိုင်ငံအတွက် ပြည်သူပြည်သားတွေရဲ့ ပညာရေး အခန်းကဏ္ဍကို မြှင့်တင်လိုက်လို့ပါပဲ။

ဒီနေ့ ကမ္ဘာ့နိုင်ငံအသီးသီးက ပညာရေးကဏ္ဍကို မြှင့်တင်ဖို့ဆိုပြီး ပညာရေးဘတ်ဂျက်တွေ တိုးမြှင့်လို့ ကြိုးစားနေကြတာတွေ့ရပါတယ်။ ဒီနေရာမှာ လွဲမှားမှုတွေကို စတွေ့ရတာပါပဲ။

ပညာရေး ဘတ်ဂျက်တွေကို ကျောင်းဆောင်သစ်ကြီးတွေ ဆောက်၊ လိုအပ်တဲ့ အဆောင်အယောင်တွေဖြည့်တဲ့နေရာတွေမှာ သုံးစွဲလိုက်ကြတဲ့အပြင် နောက်ဆက်တွဲ လိုအပ်နေတဲ့ စီမံခန့်ခွဲမှုဆိုင်ရာနဲ့ ပြင်ဆင်မွမ်းမံစရိတ် စတဲ့ လိုငွေတွေအတွက် ဆက်လက် ဖြည့်ဆည်းဖို့ သုံးစွဲလိုက်ကြပြန်ပါတယ်။

ကျောင်းသားလျှော့ချရေးနဲ့ ကျောင်းဆရာ၊ဆရာမ အရေအတွက် မြှင့်မားလာစေရေး ပေါ်လစီတွေ ရေးဆွဲဆောင်ရွက်တာက အပေါ်ယံကြည့်ရင် မှန်သလိုနဲ့ နည်းနည်းလွဲနေတာတွေ့ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဂျာမဏီနိုင်ငံ၊ မြူးနစ် IFO Institute နဲ့ အမေရိကန်နိုင်ငံ Stanford တက္ကသိုလ်တို့ ပူးတွဲဆောင်ရွက်ခဲ့တဲ့ သုတေသနတွေ့ရှိချက်အရ ပညာရေးအသုံးစရိတ်တွေ တိုးမြှင့်ရုံနဲ့ ပညာရေးအောင်မြင်မှုတွေကို မရနိုင်ဘူးဆိုတာပါ။

တကယ်တော့ လိုအပ်နေတာက ပညာရှင်တွေကို မွေးထုတ်ပေးနိုင်မယ့် တကယ်အရည်အချင်းရှိတဲ့ ဆရာ၊ ဆရာမတွေကိုပါ။ ဒါ့ကြောင့် တက်ရောက်သင်ကြားနိုင်မယ့် ကျောင်းသား အရေအတွက်နဲ့ အရည်အချင်းထက် သင်ကြားပို့ချပေးကြမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းကို ကြပ်မတ်စစ်ဆေးဖို့ လိုပါတယ်။

သုတေသန တွေ့ရှိချက်တစ်ခုအရ ညံ့တဲ့ ဆရာ၊ ဆရာမရဲ့ အတန်းမှာ သင်ကြားမှုခံယူရတဲ့ ကလေးရဲ့ ပြောင်းလဲတိုးတက်မှုနှုန်းဟာ ၅၀ ရာခိုင်နှုန်းသာရှိပြီး၊ အတော်ဆုံးသော ဆရာ၊ ဆရာမတွေရဲ့ အတန်းမှာ သင်ယူတဲ့ ကလေးတွေကတော့ ရာခိုင်နှုန်း ၁၅၀ အထိ တိုးတက်တယ်ဆိုတာပါ။

ဆရာ၊ဆရာမတွေရဲ့ အရည်အချင်းကို အာရုံထားခဲ့လို့ ကမ္ဘာပေါ်မှာအောင်မြင်မှုအမြင့်မားဆုံးကျောင်းသူ၊ကျောင်းသားတွေကို မွေးထုတ်ပေးနိုင်ခဲ့တာ တောင်ကိုးရီးယားနဲ့ ဖင်လန်နိုင်ငံတွေဆိုတာ တွေ့ရပါတယ်။

ဒီလိုပညာရေးကဏ္ဍကို မြှင့်တင်ပေးရာမှာလည်း အတန်းစားမရွေးဘဲ အလွှာစုံ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ လူချမ်းသာအုပ်စုတွေထက် ဆင်းရဲသားအုပ်စုတွေဟာ နိုင်ငံတစ်နိုင်ငံတွင်းမှာ အများဆုံးအုပ်စု ဖြစ်လို့နေတာကြောင့် မရှိနွမ်းပါးသူတွေရဲ့ ပညာအရည်အချင်းနိမ့်ကျရင် တိုင်းပြည်နိမ့်ကျစေနိုင်တာကို သတိချပ်စေချင်ပါတယ်။

ဆင်းရဲနွမ်းပါးတဲ့ ကလေးတစ်ယောက်အတွက် တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခန့် ကုန်ကျစရိတ်ရှိတယ်လို့ Harvard တက္ကသိုလ်က Professor Heckman ရဲ့ တွေ့ရှိချက်က ဆိုပါတယ်။ အခုလို ရင်းနှီးမြှုပ်နှံမှု လုပ်ပေးလိုက်ခြင်းကြောင့် တစ်နှစ်ကို ၁၆ ရာခိုင်နှုန်းလောက် အရင်းပြန်ပြီး ဒီလိုလုပ်ခြင်းရဲ့ အကျိုးက ဒီကလေးတွေအတွက် ၂၅ ရာခိုင်နှုန်း အကျိုးရှိစေတယ်လို့ ဆိုပြန်ပါတယ်။

ကျန်တဲ့ ၇၅ ရာခိုင်နှုန်းက လူ့အဖွဲ့အစည်းဆီ စီးဆင်းသွားပြီး၊ ဒုစရိုက်မှုတွေ လျော့နည်းသွားစေခြင်း၊ လူ့အဖွဲ့အစည်း ပိုပြီး စည်းလုံးစွာ နေထိုင်နိုင်ခြင်း၊ ကုန်ထုတ်စွမ်းအားများ တိုးမြှင့်လာနိုင်ခြင်း စတဲ့ တိုင်းပြည်အတွက် အကျိုးရှိတဲ့ ရလဒ်ကောင်းတွေ ထွက်လာမယ်လို့ ဆိုထားပါတယ်။

ဒါ့ကြောင့် တိုင်းပြည်တစ်ပြည် ကြီးပွားတိုးတက်ဖို့အတွက် ပညာရေးအသုံးစရိတ် မြှင့်တင်ပေးရာမှာ လူမှုရေးရာ စီးပွားရေးအရပါ ထိရောက်ဖို့ လိုအပ်တဲ့အပြင် အရည်အသွေးမြင့် ဆရာ၊ဆရာမတွေကို စိစစ်ကြပ်မတ်ပြီး မွေးထုတ်ပေးဖို့ လိုအပ်ပါကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားအပ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

## ပတ်ဂျဆန်အဖွဲ့က ဦးဆောင်ပြီး ကလေးနှင့်လူငယ်များအတွက်

# အသင်းတော်သုံး သင်ရိုးညွှန်းတမ်း ရေးဆွဲ

မေ ၂၄

လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပတ်ဂျဆန်အဖွဲ့ (Wunpawng Myusha Ka-ni Nanghpam Pat Jasan Matsing)မြစ်ကြီးနားရုံးက ဦးဆောင်၍ ခရစ်ယာန်အသင်းတော်တွင်းသုံး သင်ရိုးညွှန်းတမ်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင် ရေးဆွဲနေကြောင်း ပတ်ဂျဆန်အဖွဲ့မှ သင်ရိုးညွှန်းတမ်း ဦးဆောင်ရေးဆွဲနေသည့်သိက္ခာတော်ရဆရာဦးဂွန်းတန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်း သင်ရိုးညွှန်းတမ်းသည်မူးယစ်ဆေးဝါးနှင့်ဆိုင်သော အကြောင်းအရာများကိုကိုးကားခြင်းဖြစ်ပြီး သမ္မာကျမ်းစာကို အခြေခံကာ KG၊ သူငယ်တန်းနှင့် အသက် ၁၀ နှစ်မှ ၁၂နှစ်အထက် ကလေးများအတွက် လေ့ကျင့်ခန်းစာအုပ် ထုတ်ဝေမည်ဖြစ်ပြီး ၎င်းတွင် မာတိကာ ၁၀ ခုနှင့် ၁၆ နှစ်အထက် ကလေးများအတွက် မာတိကာ ၄ ခုပါဝင်မည်ဖြစ်ကာ ခရစ်ယာန်အသင်းတော် အသီးသီး၌ ဆန်းဒေးစကူးလ် သင်ကြားချိန်တွင် တစ်လတစ်ကြိမ် ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ကြောင်း သိက္ခာတော်ရဆရာဦးဂွန်းတန်က ပြောသည်။

“ Youth နဲ့ adult တွေကိုတော့ ၁၀ ခု မဟုတ်ဘူး။ ၄ ခုပဲပါမယ်။ practice လိုပဲဖြစ်မယ်။ ပြီးတော့ ကျန်းမာရေးတို့၊ အမျိုးသားရေးတို့လည်း ပါမယ်။ အဲဒါက ၁နှစ်အတွက်ပေါ့။ ကောက်သစ်စားပွဲနှင့် ဒီဇင်ဘာလအတွက်တော့ မပါတော့ဘူးပေါ့”ဟု ဦးဂွန်းတန်က ပြောသည်။

ထိုသို့ သင်ရိုးညွှန်းတမ်း ရေးဆွဲရခြင်းမှာ ကလေးနှင့်လူငယ်များအပြင် အတူနေမိဘများကအစ မူးယစ်ဆေးဝါးအကြောင်း ပိုမိုသိရှိနားလည်ပြီး ဘုရား၏ တရားတော်အားဖြင့် ရှောင်ရှားနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် ၎င်းသင်ရိုးညွှန်းတမ်းသည် ကချင်ဘာသာစကားဖြင့် အဓိကဆရာများလက်စွဲစာအုပ်အဖြစ် ရေးဆွဲထားခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလခန့်တွင်လက်တွေ့အသုံးပြုသင်ကြားပေးတော့မည် ဖြစ်ကြောင်း ဦးဂွန်းတန်က ဆက်လက်ပြောသည်။

“ကျွန်တော်တို့ တခြား မြန်မာလိုလည်း ရေးဖို့ တောင်းဆိုပေမယ့် အချိန်မရှိဘူး ဖြစ်သွားတယ်။ အကုန်ပြန် စီစဉ်ရမယ့်ဟာ ဖြစ်တယ်။ အချိန်ပေးပြီး လုပ်ရမှာ။ အဲဒါကြောင့် ကျွန်တော်တို့က အသင်းတော်မှာ မြန်မာလိုပြောရင်လည်း ကချင်လိုဖတ်ပြီး မြန်မာလိုပြောလို့ရတယ်လေနော်။ ကျောင်းသားကိုင်လည်း ထုတ်တယ်။ သူတို့ရဲ့ လေ့ကျင့်ခန်းစာအုပ်တွေပေါ့။ ဆရာကိုင်နဲ့ ကျောင်းသားကိုင် သီးသန့်ပေါ့နော်”ဟု ၎င်းက ပြောသည်။

ယင်း သင်ရိုးညွှန်းတမ်းကို အခြား အစိုးရကျောင်းများတွင် အသုံးပြုရန် အစီအစဉ် မရှိကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

---

# ပြည်တွင်းအခြေစိုက် တိုယိုဘက်ထရီ

## မြစ်ကြီးနားရုံးခွဲ ဖွင့်လှစ်




မေ ၂၄

**ရန်**ကုန် အခြေစိုက် Proven Technology Industry Company မှ တိုယိုဘက်ထရီ Toyo Battery ရုံးခွဲကို မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်တွင် မေလ ၂၃ ရက်နေ့က စတင်ဖွင့်လှစ်လိုက်သည်။

ယင်း ဘက်ထရီဆိုင်သည် မြန်မာနိုင်ငံအတွင်းရှိ တိုယိုဘက်ထရီရုံးများမှ ၇ ခုမြောက်ရုံးကို မြစ်ကြီးနားတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆိုင်ကယ်အမျိုးမျိုးတွင် အသုံးပြုသည့် ဘက်ထရီနှင့်ပတ်သက်သည့် တိုယိုဘက်ထရီ အမှတ်တံဆိပ်ကို ထုတ်လုပ်သည့် Company ဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်က ပြောသည်။

“မော်တော်ဆိုင်ကယ်မှာ အသုံးပြုတဲ့ Lion အမှတ်တံဆိပ်လည်း ထုတ်ပါတယ်။ ပြည်တွင်းမှာထုတ်တဲ့ ကုမ္ပဏီဖြစ်ပါတယ်”ဟု ဦးသန်းထိုက်လွင်က ပြောသည်။

တိုယိုဘက်ထရီမှာ အိုးစိုနှင့် အိုးခြောက် ၂ မျိုးရှိပြီး ကားအသေးမှ ကုန်တင်ကားကြီးအထိ သုံးနိုင်သည့် ဘက်ထရီများကို ထုတ်လုပ်ခြင်း သာမက သုံးဘီးများတွင် အသုံးပြုသည့် ဘက်ထရီများကိုလည်း ထုတ်လုပ်ကြောင်း၊ ၎င်းတို့ ကုမ္ပဏီသည် ဘက်ထရီထုတ်လုပ်သည့် လုပ်ငန်းအပြင် ဘက်ထရီနှင့်ဆက်စပ်သည့်ပစ္စည်း ဖြစ်သည့် ခဲကျိုချက်သန့်စင်သည့် လုပ်ငန်းကိုလည်း လုပ်ကိုင်ကြောင်း ဦးသန်းထိုက်လွင်က ဆက်လက်ပြောသည်။

“ဘက်ထရီအိုး အဟောင်းတွေကို ကျွန်တော်တို့ ပြန်ဝယ်ပြီးတော့ ခဲချောအနေနဲ့ ပြန်လည်ထုတ်လုပ်တဲ့ လုပ်ငန်းလည်း လုပ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားမြို့တွင် လာရောက်ဖွင့်လှစ်သည့် ရည်ရွယ်ချက်မှာ တိုယိုဘက်ထရီကို ဝယ်ယူသုံးစွဲသူများအတွက် ဘက်ထရီနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများ ပေးရန်ဖြစ်ကြောင်း၊ အာမခံချက် ပေးပြီး ရောင်းသည့်ပစ္စည်း ဖြစ်သည့်အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဒေသများတွင် အကျိုးဝင်ကာ ဝန်ဆောင်မှုစင်တာများတွင် ပြသနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Proven Technology Industry Company အနေဖြင့် လက်ထရီကို ၁၉၉၈ ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အသင့်သုံးစွဲရန် ထုတ်လုပ်ထားသော ဘက်ထရီပလိပ်ပြားကို ထိုင်းနိုင်ငံမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်သွင်းကြောင်းနှင့် ဘက်ထရီခဲကို အာရှတစ်နိုင်ငံလုံးသို့ တင်သွင်းရုံသာမ အမေရိကန်၊ ဥရောပတို့တွင်လည်း ကုန်ချောအနေဖြင့် တင်ပို့ကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

---


### လေလံခေါ်ယူခြင်း


အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် အောက်ဖော်ပြပါ မော်တော်ဆိုင်ကယ်အဟောင်းများကို လေလံတင်ရောင်းချလိုပါသည်။ သို့ပါ၍ ဝယ်ယူရန်စိတ်ဝင်စားသူများထံမှ အိတ်ပိတ်လေလံဈေးနှုန်းများကို ခေါ်ယူလိုပါသည်။

မော်တော်ဆိုင်ကယ်ဟောင်း (၃) စီး

| Sr | Make and Year of Manufacture | ICRC Code | Registration | Estimated Given Price |
|---|---|---|---|---|
| 1 | HONDA wave 100 | 50633 | 47YA/39626 | |
| 2 | HONDA wave 100 | 50638 | 47YA/86804 | |
| 3 | TVS NEO 110 | 50577 | 38YA/14669 | |

အထက်ဖော်ပြပါ ပစ္စည်းများကို အမှတ် ၄၄၈ မြေမြင့်လမ်းသွယ် ၁၃ မြစ်ကြီးနားမြို့ရှိ အိုင်စီအာရ်စီ ရုံးတွင် **၂၄-၅-၂၀၁၉ မှ ၄-၆-၂၀၁၉** (ရုံးဖွင့်ရက်များသာ) အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအချိန်အတွင်းလာရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ဈေးနှုန်းစာအိတ်များကို **၅-၆-၂၀၁၉ နေ့လည် ၃ နာရီ** နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။ ပေးပို့လာသောဈေးနှုန်း စာအိတ်များကို တင်ဒါပိတ်သည့် **၅-၆-၂၀၁၉ ညနေ ၄ နာရီ**တွင် ဖွင့်ပါမည်။ တင်ဒါပုံစံနှင့် ဝယ်ယူသူသိရှိရန်နှင့်လိုက်နာရန် သတ်မှတ်ချက်နှင့် စည်းကမ်းချက်များကို အိုင်စီအာရ်စီ ၏ ထောက်ပံ့ပို့ဆောင်ရေး (Logistics Department) ဌာနတွင် ရယူနိုင်ပါသည်။

# မလိရေအားလျှပ်စစ်စက်ရုံ ရေခမ်းလာ၍

## မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့ပေါ် ရပ်ကွက်အချို့ အချိန်ပိုင်းမီးဖြတ်တောက်




မေ ၂၄

**ဘူး**ဂါးလျှပ်စစ်ပိုင် မလိရေအားလျှပ်စစ် စက်ရုံတွင် ရေခမ်းလာသည့် အတွက် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့တွင် မီးအလှည့်ကျ ပြတ်တောက်မည် ဖြစ်ကြောင်း ဘူးဂါး ကုမ္ပဏီ လီမိတက် လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းမှ မန်နေဂျာ(ဖြန့်ဖြူး) ဦးလအောင်က ပြောသည်။

"မလိစက်ရုံက ရေတွေ ခမ်းလာတဲ့အတွက် ဓာတ်အား အားလုံးကို မပေးနိုင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ မိုးကျတာကို ကျွန်တော်တို့ စောင့်နေတာပေါ့ ။ လောလောဆယ် မလိစက်ရုံမှာ ရေခမ်းတာ မနှစ်ကထက်ပိုပြီးတော့ အခြေအနေက တော်တော်လေးကို ဆိုးဝါးနေပါတယ်"ဟု ဦးလအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိ အနေအထားတွင် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်ရှိ ဖီဒါတစ်လိုင်းလျှင် ဓာတ်အား တစ်နာရီခွဲခန့် ပိတ်ကာ အလှည့်ကျပေးဝေနေရသည်ဟုလည်း ၎င်းက ပြောသည်။

"လောလောဆယ် ကတော့ မလိစက်ရုံက ပေးနိုင်တဲ့ ဓာတ်အားနဲ့ အခုကျွန်တော်တို့ နိုင်ငံတော် ဓာတ်အားစနစ်ကနေ ဝယ်ယူရရှိတဲ့ ဓာတ်အားနဲ့ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေ ဖီဒါတွေကို ဒီလို အလှည့်ကျစနစ်လေးပေါ့။ ခဏလေးပိတ်ပြီးတော့မှ အလှည့်ကျလေး ပေးနေတာပေါ့။ ဖီဒါ တစ်ခုပိတ်ရင် တစ်နာရီခွဲလောက် ပိတ်ပိတ်ပြီးရင် ပြန်လာ အဲ့လိုလေး လုပ်နေပါတယ် "ဟု ဦးလအောင်က ပြောသည်။


သို့သော် ဝိုင်းမော်မြို့တွင် ဖီဒါတစ်ခုတည်းဖြစ်နေသည့်အတွက် အတတ်နိုင်ဆုံး မီးမပြတ်တောက်ရေးအတွက် လုပ်ဆောင်ထားကြောင်းလည်း ၎င်းကဖြည့်စွက်ပြောဆိုသည်။

ဝိုင်းမော်မြို့တွင်းတွင် ညနေ ၅ နာရီမှ ၆ ခွဲထိလည်းကောင်း၊ မြစ်ကြီးနား တပ်ကုန်းရပ်ကွက်တွင် ည၆နာရီခွဲမှ ၈ နာရီ၊ မြဝတီနှင့် ဒူကထောင် အထွက်တွင် ၈ နာရီမှ ၉ ခွဲ၊ မြို့သစ်ကြီးတွင် ည ၆နာရီမှ ၇ ခွဲ၊ ရှမ်းစုတွင် ည ၇ ခွဲမှ ၉ နာရီ၊ မြို့မ (မင်းရပ် D/S )တွင် ည ၉ နာရီမှ ၁၀ ခွဲအထိ လည်းကောင်း ဖီဒါ တစ်လိုင်းလျှင် ဓါတ်အား ပြတ်တောက်ချိန် တစ်နာရီခွဲစီခန့်အသီးသီးပြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။ ■

Salai

# နိုင်ငံအသီးသီးတွင် ဟာဝေးဖုန်းဝယ်ယူမှု ကျဆင်းနေသော်လည်း

# မြစ်ကြီးနားတွင် ဈေးနှုန်းကျဆင်းခြင်း မရှိသေးဟု ဆို




မေ ၂၄

အမေရိကန် အစိုးရ၏ အင်တာနက် ကုမ္ပဏီကြီးဖြစ်သည့် Google သည် တရုတ်နည်းပညာ Huawei ကုမ္ပဏီနှင့် အဆက်အသွယ်ဖြတ်တောက်မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံအသီးသီးမှ Huawei စမတ်ဖုန်း အသုံးပြုရန် အလှမ်းဝေးလာသော်လည်း မြစ်ကြီးနားမြို့အတွင်း ယင်း စမတ်ဖုန်းဈေးနှုန်းမှာ ကျဆင်းသွားခြင်း မရှိသေးကြောင်း သိရသည်။

လူထု ကြားထဲတွင် Huawei စမတ်ဖုန်းများ အသုံးပြုရန် တုံ့ဆိုင်းနေသော်လည်း မြို့နယ်တွင်း အရောင်းဆိုင်များ၏ ဈေးနှုန်းများကို စုံစမ်းခဲ့ရာ ယခင်ဈေးနှုန်းအတိုင်းပင် ရောင်းချလျက် ရှိနေသေးကြောင်း သိရသည်။

"မနက်ကဆိုရင် သုံးလုံးလောက် ရောင်းရတော့မှာကို ဒီသတင်းကြားပြီးတာနဲ့ တခြား Brand ကိုပဲ ဝယ်သွားတယ်။ ရောင်းလို့တော့ မကောင်းဘူး။ ရှေ့ဆို ပိုဆိုးနိုင်တယ်"ဟု မြောက်ပိုင်း USA Lum Tu ဖုန်းရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ကိုလွမ်တူးမှ ပြောသည်။

တရုတ်နှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်အစိုးရ၏ ကြေညာချက်အရ Android စနစ်ကို Huawei ကုမ္ပဏီကို Hardware နှင့် Software နိုင်ငံအချို့တွင် Huawei စမတ်ဖုန်းများ ဝယ်ယူခြင်းမပြုရန် ကြေညာခဲ့သည်။

ယခုအချိန်တွင် မြို့ပေါ်ရှိ နာမည်ကြီး ဖုန်းအရောင်းဆိုင်များတွင် ဝယ်ယူမှုပုံမှန်အနေအထားတွင် ရှိနေပြီး ကျန်ဆိုင်များမှာမူ အရောင်းအဝယ် နည်းပါးလျက်ရှိသည်ဟုလည်း ဈေးကွက်အတွင်းမှ သိရသည်။

"လက်ရှိမှာတော့ အရောင်းတော့ မကျသေးဘူး။ နောက်ထွက်တဲ့ မော်ဒယ်ပေါ် မူတည်ပြီးတော့ အရောင်းထိုးကျသွားမယ့် သဘောမျိုးတော့ ရှိတယ်။ စက်ဘူမှာတော့ သုညအထိ ထိုးကျသွားတာ။ တရုတ်နဲ့ အမေရိကန် နိုင်ငံရေးအပေါ် မူတည်ပြီးမှ အပြောင်းအလဲဖြစ်သွားမှာ။ ဟာဝေးကလည်း နောက်ထွက်မယ့် သူရဲ့ အသစ်အဆန်း ဘာတွေ ထွက်လာလဲဆိုတာ စောင့်ကြည့်ရမှာပေါ့"ဟုမြစ်ကြီးနားမြို့မှ OVI ဖုန်းဆိုင်ပိုင်ရှင် ကို Ah Lonk မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားသည်။

ယင်းသို့ ပိတ်ပင်လိုက်ခြင်းကြောင့် Huawei အနေဖြင့် Open Source Library များကို လွတ်လပ်စွာ အသုံးပြုနိုင်ဦးမည်ဖြစ်သော်လည်း Play Store/Google Map/Gmail/You Tube စသည့် ဝန်ဆောင်မှုများကို မရရှိနိုင်တော့မည့်အပြင် အမေရိကန်၏ မိတ်ဖက်နိုင်ငံများကိုပါ တင်သွင်းရောင်းချခွင့် ဆုံးရှုံးသွားမည်ဖြစ်သည်။


အမေရိကန် အစိုးရမှ ကမ္ဘာ့ဒုတိယအကြီးဆုံး မိုဘိုင်းကုမ္ပဏီ ဖြစ်သည့် Huawei ကုမ္ပဏီကို နိုင်ငံတော်လုံခြုံရေးခေါင်းစဉ်ဖြင့် ကန့်သတ်ခဲ့ခြင်း ဖြစ်ပြီး လက်ရှိတွင် Huawei စမတ်ဖုန်းများကို Software Update လုပ်ဆောင်ရန်နှင့် လက်ရှိ ကွန်ရက်များကို ဆက်ထားနိုင်ရန် ရက်ပေါင်း ၉၀ အချိန်ပေးခဲ့သည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၂၇ ၊ ၂၀၁၉ )

# မြစ်ကြီးနားသို့ ဆန်၍ ခန္တီးမှစုန်၍ အမေ့ရွာသို့

အင်ခိုင်ဘွမ် ရေးသားသည်



စာရေးဆရာမောင်သော်သည် အတွေးအမြင်သစ်များ၊ အိန္ဒိယ-မြန်မာဆက်ဆံရေးမှတ်တမ်း၊ စာပေအမြင်၊ စာပေအတွေး၊ ကုန်းဘောင်စစ်တမ်းစာအုပ်များကို ရေးသားပြုစုခဲ့ပြီးပြီ။ မဆလခေတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲချိန် မြို့တော်များနှင့် အလှမ်းဝေးလွန်းသော အမေ့ရွာကို မရောက်ဖူးသေး။ အမေ ဆုံးသည်မှာတော့ ၁၅ နှစ်ရှိပြီ။ အမေ့နေရာကို ရောက်အောင်သွားမည်ဟု ဆုံးဖြတ်၍ ခရီးထွက်ခဲ့သည်။ သို့သော် စစ်ကိုင်းတိုင်း၊ ဖောင်းပြင်ရှိအမေ့ရွာကို တန်းမသွား၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ခန္တီး၊ ထမံသီ၊ ဟုမ္မလင်းကို ဖြတ်ပြီးမှ ဖောင်ပြင်သို့ ရောက်အောင် သွားမည်။ ဖောင်ပြင်ပြီးနောက်ခရီးများ ရှိသေးသည်။ အချိန်ကား ၁၉၇၅ ခုနှစ်။ ခရီးစဉ်များမှာ ချောမွေ့လှသည် မဟုတ်ပေ။

ရထားလက်မှတ်ရောင်းများ ရစ်ပုံ၊ ရထားအကျင့်ပျက် ဝန်ထမ်းများအကြောင်း၊ ရထားများ အချိန်မမှန်ပုံ၊ ရထားပေါ် ကပစ္စည်းကို နည်းအမျိုးမျိုးဖြင့် ခိုးယူလုယက်သူများအကြောင်း အစုံအစုံ တွေ့ရသည်။ မြစ်ကြီးနားသို့ မန္တလေးစာပို့ရထား ဆိုက်ရမည့်အချိန်မှာ နေ့လည် ၂ နာရီ ဖြစ်သော်လည်း ညနေ ၆ နာရီတွင် မြစ်ကြီးနားသို့ ရောက်ခဲ့ပါပြီ။ "ဒီနေ့စောတာဗျ။ ခါတိုင်းဆို ဒီထက် နောက်ကျတယ်"ဟု မီးရထားဝန်ထမ်းက ပြောသွားသည်။ ဆရာ မောင်သော်သည် မြစ်ကြီးနား ဘူတာရုံအနီးရှိ ယုံရှင်တည်းခိုရိပ်သာတွင် တည်းသည်။ မဆီမဆိုင် ဟံသာဝတီ သတင်းစာတွင် ပါသွားသော သတင်းလေးကို သတိရမိသေးသည်။

သတင်းမှာ မန္တလေးမှ မြစ်ကြီးနားသို့ ခုတ်မောင်းလာသော အဆန်ရထားသည် ဇယားအတိုင်းအချိန်မှန် မြစ်ကြီးနားသို့ ဆိုက်ရောက်လာသည်။ ထိုအခါ မြစ်ကြီးနားလူထုမှာ ဘူတာရုံသို့သွား၍ မီးရထားကို အံ့သြစွာ ဝိုင်းအုံကြည့်ကြလေသည်။ နောက်တွင်မှ မနေ့က ဆိုက်ရမည့်ရထား မနေ့က မဆိုက်ပဲ၊ တစ်ရက်နောက်ကျ၍ ဒီနေ့ ရထားဆိုက်မည့် အချိန်ဆိုက်ကြောင်း သိရသောအခါ မြို့လူထုမှာ ရင်ဘတ်ဖိ၍ ပြန်ကြလေကုန်သတည်း။ ဆရာမောင်သော်သည် ခန္တီးသို့ခရီးဆက်မည်ဟု စီစဉ်ထားသော်လည်း လေယာဉ်မမီတော့သဖြင့် မြစ်ကြီးနားတွင်စခန်းချခဲ့သည်။ ဝိုင်းမော်မြို့၊ ဝါရှောင်ရွာ၊ ဝါရှောင်ဆည်သို့ အလည်သွားမည်။ လီဆူအမျိုးသား ဝိုင်းမော်ပါတီယူနစ်က ဦးလှမြသာနှင့် ဆက်သွယ်၍က မရ။

သို့သော် ဆရာမောင်သော်သည် သူ၏ စာဖတ်ပရိသတ်တချို့၏ အကူအညီဖြင့် ဝိုင်းမော်မြို့သမိုင်းကို စူးစမ်းလေ့လာသည်။ "မောင်သော်က ဦးလေးကိုး။ ရှုမဝထဲမှာ ကျွန်မဖတ်ရပါတယ်။ အခုခရီးထွက်တာလည်း စာအုပ်ရေးအုံးမှာလား"ဟု မေးကြသည်။ ဝါရှောင်ဆည်နှင့် နောက်ခံ ကချင်တောင်တန်းများမှာ အလွန်လှသည်။ ဝါရှောင်ရွာ လူကြီးတစ်ဦးဖြစ်သူ ဇော်တူးကလည်း အိမ်ဖောက်ခေါင်ရည်များဖြင့် ဧည့်ဝတ်ကျေခဲ့သည်။ ဝိုင်းမော်သမဝါယမဌာနက မလှလှရီနှင့် မမာလာဦးတို့ကလည်း များစွာ အကူအညီ ပေးခဲ့ကြသည်။ ဝိုင်းမော်တွင် လည်ပတ်ခဲ့ပြီးနောက် ဆရာမောင်သော်သည် မြစ်ကြီးနားသို့ မော်တော်ဖြင့် ပြန်လာခဲ့သည်။ မြစ်ဆုံသို့ သွားရောက်လည်ပတ်ရဦးမည်။ မြစ်ကြီးနားတွင် ဆရာမောင်သော်ကို အကူအညီပေးသူမှာ သတင်းစာကိုယ်စားလှယ်၊ သတင်းထောက် ဦးအောင်ကြီး ဖြစ်သည်။ မြစ်ကြီးနားမှ တန်ဖရဲရွာခရီးမှာ မသက်သာသော ခရီး ဖြစ်သည်။ ဂျစ်ကားဖြင့် ဆွဲသော ထရော်လာတွဲပေါ်တွင် အမိုးအကာမရှိပဲ ထိုင်လိုက်ရသည်။

မိုးက ရွာလိုက်သေးသည်။ ကားဗွက်နစ်လျှင် ဆင်းတွန်းကြရပြန်သည်။ လမ်းခရီးတွင် တပ်မတော်ကင်းစခန်းများ ရှိသည်။ ကားပေါ်မှ မသင်္ကာဖွယ်ပစ္စည်း၊ မသင်္ကာသူများကို ကြည့်သည်။ မကန့်ရွာအရောက်တွင် ခရီးသည်အားလုံးကားပေါ်မှဆင်းရသည်။ ခရီးသွားခွင့် လက်မှတ်များကို တောင်းယူကြည့်သည်။

"ဦးလေးရဲ့ ခရီးသွားလက်မှတ်ပြပါ"

"ကျွန်တော် ခရီးသွားလက်မှတ် ယူရမှန်းမသိလို့ ယူမလာခဲ့ပါဘူး ခင်ဗျား"

"ဒီအရပ်မှာ တစ်ရွာနဲ့ တစ်ရွာ သွားရင်လည်း ခရီးသွား လက်မှတ်ပါရတယ်။ ဘယ်ရွာက ဘယ်ရွာသွားမယ်၊ ဘယ်နှစ်ရက်နေမယ်။ မှတ်ပုံတင်နံပါတ် ပါရပါတယ်။ ဦးလေး မြစ်ကြီးနားက မဟုတ်ဘူးထင်တယ်။

"မန္တလေးကလား"

"မန္တလေးက မဟုတ်ပါဘူး။ ရန်ကုန်ကပါ"

"ဘယ်သွားမလို့လဲ"

"မြစ်ဆုံသွားမလို့ပါ၊ မြစ်ကြီးနားရောက်တုန်း မြစ်ဆုံကြည့်ချင်လို့ပါ"


"အော်. . . . ဒီရာသီ မြစ်ဆုံ သွားမလို့လား။ ဦးလေး တစ်ယောက်တည်းလား။ ဘယ်သူပါသေးလဲ။ ဦးလေးဘာလုပ်လဲ။ ဦးလေး မှတ်ပုံတင်ပါသလား" စသည်ဖြင့် မေးခွန်းများဆက်လိုက်မေးလေတော့သည်။

နောက်ဆုံး စာရေးဆရာမောင်သော်မှန်း သိတော့မှ "ဦးလေးချမ်းနေမယ်၊ ရေနွေးပူပူသောက်ပါ"ဟု ဆိုတော့သည်။ "မောင်သော်ဆိုတာ ဦးလေးကိုး။ ရှုမဝထဲက ဦးလေးဆောင်းပါးတွေ ကျွန်တော်ဖတ်ပါတယ်။ အခု မြစ်ဆုံအကြောင်း ရေးဦးမှာလား"ဟု မေးသည်။

ကားဆရာကလည်း "သူတို့နဲ့ ပြေလည်ပြီလား" ဟု မေးသည်။ အဆင်ပြေသည်ဟုဆို၍ ကားဆက်မောင်းခဲ့သည်။ တန်ဖရဲရွာသို့ ရောက်သောအခါ စစ်တပ်ကင်းစခန်းရှေ့ ကားရပ်ပြီး အစစ်ခံကြရပြန်သည်။ ခရီးသည်အားလုံးမှာ သူတို့ဝယ်ခြမ်း၍ ပါလာသော ပစ္စည်းများကို အမည်စာရင်းပြောပြီး ကိုယ့်အထုပ်ကိုယ်ထမ်းကာ ကိုယ့်အိမ်ကို ထွက်သွားကြတော့သည်။ ဆရာမောင်သော်နှင့် ကားဆရာများသာ မြစ်ဆုံသို့ ခရီးဆက်ခဲ့ကြသည်။ မြစ်ဆုံသို့ ရောက်သောအခါ ဆရာမောင်သော်သည် အချိန်ကြာမြင့်စွာ ကြည့်ရှုလေ့လာသည်။ မိုးတွင်းဖြစ်သဖြင့် မြစ်ဆုံတွင် မိုးများရွာလျက် ရှိသည်။ ရေကလည်း ကြီးသည်။ မြစ်ကမ်းမြစ်လယ်တွင် ဝဲများရှိသည်။ ရွာမရှိ၊ သို့သော် ဗိုလ်တဲရှိသည်။ မကြာသေးမီကတည်ထားသော သာသနာ့ဝင်းထောင်စံ စေတီငယ်ရှိသည်။

ဆရာမောင်သော်သည် မြစ်ကြီးနားတွင် ခြောက်ညအိပ် ခုနစ်ရက် နားခဲ့ပြီးနောက် ခန္တီးသို့လေယာဉ်ဖြင့် ခရီးဆက်ခဲ့သည်။ ရန်ကုန်မှ မြစ်ကြီးနားသို့ သွားရေးလာရေးအခက်အခဲကြောင့် ပင်ပန်းမှုများ ရှိခဲ့သော်လည်း မြစ်ကြီးနား ရောက်သည်နှင့် မေ့ပျောက်သွားတော့သည်။ မြစ်ကြီးနား၏ လှပသောရှုခင်း၊ နွေးထွေးဖော်ရွေသော မြစ်ကြီးနားမြို့သူမြို့သားများကြောင့် ဖြစ်သည်။ ခြောက်ညတိုင် တည်းခိုခဲ့သော်လည်း အခန်းခ မယူသည်သာမက ဂရုတစိုက် စောင့်ရှောက်သော ယုံရှင်တည်းခိုရိပ်သာပိုင်ရှင် လူဖေ့ရင်ကိုလည်း ကျေးဇူးတင်မိသည်။ အခြား ကျေးဇူးတင်စရာ ပုဂ္ဂိုလ်များ ကျန်သေးသည်။ "ဘာတွေများတွေးပြီး ငေးနေတာလဲဗျ"ဟု ဘေးမှ ခန္တီးမြို့အုပ်ချုပ်ရေးမှူးက မေးတော့မှ အတွေးစ ပြတ်တော့သည်။ "မဟုတ်ပါဘူးဗျာ၊ မြစ်ကြီးနားနေစဉ် ဂရုတစိုက် ပြုစုလိုက်သူများ အကြောင်းကို သတိရလို့ စဉ်းစားနေမိတာပါ။ မြစ်ကြီးနားလာရတာရော၊ ရပ်နားခဲ့ရတာရော အမှတ်တရချည်းပါဘဲ"ဟု ဆရာမောင်သော်က ဖြေလိုက်လေသည်။ လေယာဉ်သည်လည်း ခန္တီးသို့ ဆင်းပါပြီ။ ■

ရည်ညွှန်း - မြစ်ကြီးနားသို့ ဆန်၍ ခန္တီးမှစုန်၍ အမေ့ရွာသို့ (မောင်သော်)
- စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၃)
- ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ (ရာပြည့်ဦးစိုးညွန့်)











**တုတ်ထိုး** - ဒီလိုဗျ။
**အိုးပေါက်** - တွေ့တာနဲ့ ဆရာကြီးလုပ်တော့မယ်။

**တုတ်ထိုး** - ဆရာလုပ်ချင်လို့ မဟုတ်ပါဘူးဗျာ။ ကြားဖူးနားဝလေး ပြန်ပြောပြချင်လို့ပါ။
**အိုးပေါက်** - ပြောပါဗျာ။ ပြောပါ။

**တုတ်ထိုး** - တစ်ခါကတဲ့၊ သူခိုးတစ်ယောက်က အိမ်တစ်အိမ်မှာ ဝင်ခိုးတယ်။ သိပ်ပြီး အခိုးကျွမ်းကျင်တဲ့ သူခိုးဝိဇ္ဇာကြီးပေါ့။ တစ်ရက်တော့ အဲ့ဒီ သူခိုးဝိဇ္ဇာကြီးဟာ လူမိပြီး အဖမ်းခံရရောတဲ့ဗျာ။
**အိုးပေါက်** - ပြောတော့ သူခိုးဝိဇ္ဇာဆို။ ဘာလို့ မိတာလဲ။

**တုတ်ထိုး** - သူက မီးပျက်နေတဲ့အချိန် ဝင်ခိုးမိတာကိုး။ သူလည်း ဝင်ခိုးရော ရုတ်တရက် မီးက ပြန်လာတယ်တဲ့။
**အိုးပေါက်** - အိမ်ရှင်တွေ မြင်သွားရော ဆိုပါတော့။

**တုတ်ထိုး** - မမြင်ဘူး။ မီးပျက်တုန်း ဝင်ခိုးတာ။ မီးပြန်လာတော့ ပျော်ပြီး အဲဒီသူခိုးက ထအော်တာတဲ့။ အဲ့ဒါနဲ့ မိရော။
**အိုးပေါက်** - EPC မီးပျက်တာ မှန်လို့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းတောင် ဖျက်ဆိုကြတာ ရှိတယ်။

**တုတ်ထိုး** - ဘယ်လို ဆိုကြတာတုန်း။
**အိုးပေါက်** - ××× အားလုံးတက်ကြွ ××× ငါ့ထော်လာဂျီ××× ငါ့ကို လူတိုင်း××× ဆဲဆိုနေကြသည် ×××× အိမ်တိုင်း လိုလိုက သိပ်မကြည် ××× ငါ့နာမည်က ××× EPC ×××

**တုတ်ထိုး** - ကျုပ်တောင် သီချင်းဆိုချင်လာပြီ။ ဟဲ ဟဲဟဲ။
**အိုးပေါက်** - ဘယ်လို ဆိုမှာတုန်း။

**တုတ်ထိုး** - မင်းတို့ ရပ်ကွက်ထက်××× ငါတို့ရပ်ကွက်က ပိုမိုက်တယ်××× မင်းတို့ရပ်ကွက်ထက်××× ငါတို့ရပ်ကွက်က×××× ပိုမိုက်တယ် ဟိတ်ကောင်×× ပိုမိုက်တယ်×××× ဟိတ်ကောင် ပိုပျက်တယ်××××
**အိုးပေါက်** - တာဝန်ရှိသူ တချို့က ပြောတာပဲ။ "ဝန်အားလျှော့"တာပါတဲ့။

**တုတ်ထိုး** - ကျုပ်မိတ်ဆွေ တစ်ယောက်ကတော့ ပြောတယ်။ "ဝန်အားလျှော့"ဆိုတဲ့ စကားလုံးဟာ ဝက်ဝုတ္တိအလင်္ကာ မြောက်ပါတယ်တဲ့။
**အိုးပေါက်** - ဘာတဲ့ဗျာ။

**တုတ်ထိုး** - ဝန်အားလျှော့ = ဝက်ဝုတ္တိအလင်္ကာ။ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်မည်၊ မီးပျက်မည်ဟု သွယ်ဝိုက်မပြောဘဲ ဝန်အားလျှော့မည်ဟု သွယ်ဝိုက်ပြောဆိုသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်တဲ့။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ နေပါဦး။ ကျုပ်တို့ ကချင်ပြည်နယ်မှာ တရုတ်ငှက်ပျောကိစ္စဟာ တော်တော်လေး ဂယက်ထနေတယ်နော်။
**အိုးပေါက်** - ဟုတ်ပ့ါဗျာ။

**တုတ်ထိုး** - ဒီတစ်ပတ် 7 Day မှာ ဖတ်လိုက်ရတဲ့ တရုတ်ငှက်ပျောနဲ့ ပတ်သက်တဲ့ သတင်းဆောင်းပါးတွေ၊ အင်တာဗျူးတွေ ဖတ်လိုက်ရတယ်။
**အိုးပေါက်** - ဘာတွေ ထူးခြားသလဲဗျ။

**တုတ်ထိုး** - ထူးခြားတာ ဘာတွေ့ရလဲဆိုတော့ ဖုံးတဲ့သူက ဖုံး၊ ဖော်တဲ့သူက ဖော်နေကြတာပါပဲဗျာ။
**အိုးပေါက်** - လင်းစမ်းပါဦးဗျာ။

**တုတ်ထိုး** - မေ ၂၂ ထုတ် 7 Day News မှာ ဖတ်လိုက်ရတာက ဘာလဲဆိုတော့ တရုတ်လုပ်ငန်းရှင်တွေက မြန်မာပိုင်နက်အတွင်း ဝင်ပြီး နည်းမျိုးစုံသုံးပြီး တစ်သျှူးငှက်ပျောတွေ စိုက်ပျိုးနေပေမယ့် တရုတ်နိုင်ငံ နယ်နိမိတ်တွေထဲမှာ စိုက်ပျိုးခြင်း လုံးဝမရှိဘူးလို့ ကချင်ဒေသခံတွေက ပြောတယ်တဲ့။ ဝိုင်းမော်မြို့နယ်ဟာ ဧရိယာစတုရန်းမိုင် ဆယ့်နှစ်သိန်းလေးသောင်းဧကခန့် ကျယ်ဝန်းပြီး ၂၀၁၈ က တိုင်းတာခဲ့တဲ့ဂြိုဟ်တုမြေပုံ သတင်းအရ မြို့ဧရိယာရဲ့ ဆယ်ပုံတစ်ပုံလောက်ရှိတဲ့ ဧက တစ်သိန်းငါးသောင်းခန့်ဟာ တစ်သျှူးငှက်ပျော စိုက်ပျိုးမြေ ဖြစ်နေပြီလို့ စစ်တမ်းတွေက ဆိုတယ်။
**အိုးပေါက်** - မြေမျို မြေပြိုတာတွေအပြင် တရုတ်ငှက်ပျောက ကိုလိုနီဖြစ်နေတဲ့ ကိန်းပါ။ တရုတ်ငှက်ပျောက တဖြည်းဖြည်း ဝါးမျိုနေတာပဲဗျ။

**တုတ်ထိုး** - ကချင်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးကျော်ကျော်ဝင်းကလည်း တစ်သျှူးငှက်ပျော စိုက်ပျိုးရေးကုမ္ပဏီ ၃၀ ကျော်က ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက်မရှိဘဲ ဒေသခံတောင်သူတွေနဲ့ တိုက်ရိုက်စာချုပ်ချုပ်ပြီး စိုက်ပျိုးနေကြတာလို့ ပြောထားတာ ရှိပါတယ်။
**အိုးပေါက်** - ကောင်းကျိုးတွေ ဆိုးကျိုးတွေ ဘာတွေဖြစ်မလဲ။

**တုတ်ထိုး** - စိုက်ပျိုးရေးကဏ္ဍကနေ အခွင့်အလမ်းတွေ ရနိုင်လို့ တစ်သျှူးငှက်ပျော စိုက်ပျိုးရေးကို မျက်လုံးစုံမှိတ်ပြီး အကျောက်အကန် ငြင်းဆန်နေရုံနဲ့ မပြီးဘူးလို့ ကချင်ပြည်နယ် စိုက်ပျိုးရေး ဝန်ကြီးက ဆိုထားတာလည်း ဖတ်လိုက်ရတယ်။
**အိုးပေါက်** - မျက်လုံးစုံမှိတ်ပြီး လက်ခံမနေဖို့လည်း လိုတာပါပဲ။

**တုတ်ထိုး** - စစ်တမ်းတွေအရတော့ ကောင်းကျိုးထက် ဆိုးကျိုးက ပိုများတာပေ့ါ။ LSECNG ရဲ့ စစ်တမ်းအရတော့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရတယ်။ လမ်းပန်းဆက်သွယ်ရေး နည်းနည်း ကောင်းလာတယ်။ လတ်တလော ငွေရတယ်။ ရေညစ်နွမ်းတဲ့နေရာတွေမှာ ရေတွင်း တူးပေးတာတွေ ရှိတယ်။
**အိုးပေါက်** - ဆိုးကျိုးကရော။

**တုတ်ထိုး** - ဆိုးကျိုးကတော့ဗျာ။ မြန်မာအမျိုးသမီးအချို့နဲ့ တရုတ်အမျိုးသားတချို့ ငြိစွန်းမှုတွေကြောင့် နောက်ဆက်တွဲ အိမ်ထောင်ရေး ဖောက်ပြန်မှုတွေ ရှိလာတယ်။ နောက်ပြီး တရုတ်နိုင်ငံဆီ လူကုန်ကူးခံရတာတွေ ရှိလာတယ်။ တစ်သျှူးစိုက်ပျိုးရေးမှာ သုံးတဲ့ ပိုးသတ်ဆေးတွေက အမျိုးသမီးတွေ ကိုယ်ဝန်ပျက်ကျတာမျိုး ဖြစ်စေတယ်။ အသက် သေဆုံးတာ၊ မျက်စိကွယ်တာမျိုး ဖြစ်တယ်။ သစ်တောပြုန်းတီးမှုဖြစ်တယ်။ တောရိုင်းတိရစ္ဆာန်တွေ မျိုးသုဉ်းတယ်။ သဘာဝပတ်ဝန်းကျင် အဆိပ်သင့်တယ်။ မြေဆီလွှာတွေ ပျက်စီးတယ်။ စစ်ရှောင်ပြည်သူတွေရဲ့ မြေတွေဟာ တရုတ်တစ်သျှူးငှက်ပျော စိုက်ခင်းတွေ ဖြစ်လာတယ်။ ပြီးတော့ ဒေသခံပြည်သူတွေရဲ့ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတွေ ပျောက်ဆုံးကုန်တာပါပဲ။
**အိုးပေါက်** - ဒါကြောင့် တစ်သျှူးငှက်ပျော စိုက်ပျိုးရေးကို မျက်လုံးစုံမှိတ် အကြောက်အကန် ငြင်းဆန်နေရုံနဲ့ မပြီးဆိုတဲ့ ကချင်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီးရဲ့ စကားကို လက်ခံသလို တစ်သျှူးငှက်ပျော စိုက်ပျိုးရေးကို မျက်လုံးစုံမှိတ် လက်မခံဖို့ တောင်းဆိုလိုက်ရပါတယ်။

**တုတ်ထိုး** - ရေရှည် အကျိုးစီးပွားကို ကြည့်ဖို့ လိုတာပေ့ါဗျာ။ လတ်တလော ဝင်ငွေတွေ ရမယ်။ နောက်မျိုးဆက်တွေအတွက်မှာတော့ မြေဆီလွှာတွေ ပျက်စီးမယ်။ ဘယ့်နှယ် လုပ်ကြမတုန်းဗျာ။
**အိုးပေါက်** - ဝါရှောင်ဆရာတော်ဘုရားကတော့ မိန့်ဆိုထားတယ်။ "အစိုးရကို ပြောချင်တာက ကချင်ပြည်နယ်က ပျက်စီးနေပြီ။ အဲဒါကို အချိန်နဲ့ တစ်ပြေးညီ မြေပြင်အနေအထားကို သေသေချာချာ အတွင်းကျကျ လေ့လာပါ။ ဒီအစိုးရကို ပြည်သူတွေက သိပ်ချစ်တယ်လေ။ ဒီအစိုးရမှ မကယ်ရင် ဘယ်သူကယ်မလဲ ပြောချင်ပါတယ်"တဲ့။

**တုတ်ထိုး** - ခင်ဗျားလည်း စာတွေ ဖတ်ထားတာပဲ။
**အိုးပေါက်** - ကချင်ပြည်နယ်ကိစ္စဆိုတော့ စိတ်ဝင်စားတာပေ့ါဗျာ။

**တုတ်ထိုး** - အဲ့ဒီ 7 Day News မှာပဲ ဖတ်လိုက်ရတာ ရှိသေးတယ်။ အဲ့ဒီမှာ ကချင်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးကျော်ကျော်ဝင်းနဲ့ တွေ့ဆုံခြင်းဆိုပြီး အင်တာဗျူးမှာ ဖတ်လိုက်ရတာ ရှိတယ်။ ဘာတဲ့။ "ကချင်ပြည်နယ်အတွက် ဝင်ငွေမှာ တစ်သျှူးငှက်ပျောကဏ္ဍက ရတဲ့ငွေရာခိုင်နှုန်း ဘယ်လောက်ရှိနေလဲ" ဆိုတော့ "ကျွန်တော်တော့ သေချာမသိဘူး"တဲ့။
**အိုးပေါက်** - . . . . . . ။

**တုတ်ထိုး** - သို့သော်တဲ့ ကျွန်တော်တို့ အခွန်အခရနေတယ်။ ကားတစ်စီးမှာ စည်ပင်ရဲ့ အခွန်အခလည်း ရသလို နယ်စပ်ကုန်သွယ်ရေးကလည်း အခွန်အခရပါတယ်။ ကားတစ်စီးမှာတော့ အနည်းဆုံး ငါးသိန်းကျပ်လောက် ရပါတယ်။ မနည်းဘူးလို့ ပြောချင်ပါတယ်"တဲ့ဗျ။
**အိုးပေါက်** - . . . . . . ။

**တုတ်ထိုး** - "ဘာများ ဖြည့်စွက်ပြောလိုပါသလဲ" ဆိုတော့ "အကျိုးနဲ့ အပြစ်ဆိုတောက နေရာတိုင်းမှာ ရှိပါတယ်"တဲ့။ "အကျိုးရလဒ်က ပိုများတယ်ဆိုရင် လက်ခံပြီး လုပ်ရမယ်။ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ထိန်းချုပ်မှုတွေ လုပ်ပြီး သွားရမယ်။ အရေးကြီးတာကတော့ ကိုယ့်နိုင်ငံမှာ လာပြီး ရင်းနှီးမြှုပ်နှံတာကို ကိုယ့်နိုင်ငံအတွက် အခွန်အခရရှိရေး ကိစ္စကတော့ လက်ခံရမှာပဲ။ ဆောင်ရွက်သွားရမှာပဲ။ အဲ့ဒီလိုမှမဟုတ်ရင် ဘယ်အခွန်မှ ရလာမှာ မဟုတ်ဘူး။ လက်မခံဘူး၊ ဆန့်ကျင်နေမယ်ဆိုရင်လည်း ကျွန်တော်တို့မှာ အခွန်အခဆိုတာလည်း ရစရာ မရှိတော့ဘူး"တဲ့။
**အိုးပေါက်** - အခွန်၊ အခွန်။ အခွန်တော့ ရပါပြီ။ ကျုပ်တို့ ကချင်ပြည်နယ်ကြီး အခွံချည်း ကျန်နေရင် ဘယ်လိုလုပ်မလဲဗျာ။ အခွန်လည်း ထည့်တွက်ကြပါ။ အခွံလည်း ထည့်တွက်ကြပါလို့ အိုးပေါက်လည်း ဖြည့်စွက်ပြောလိုက်ပါရစေခင်ဗျာ။ တိုင်းပြည်အတွက် အခွန်အခအတွက် စေတနာထားတာ ကျေးဇူးတင်ပါတယ်။ တခြားလုပ်ငန်းတွေကနေ အခွန်အခတွေ ရှာကြပါ။ ဝါရှောင်ဆရာတော် ဦးဝိဇယ မိန့်သလို "လူသူမသိဘဲ မက်လုံးတွေပေးရင်း တဖြည်းဖြည်းနဲ့ ကျုံ့ကုန်သွားပြီး တရုတ်တွေအများကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို ဖြစ်သွားတာ. . ."မျိုး မဖြစ်ဖို့လည်း သတိရှိစေချင်ပါတယ်ဗျာ။

**တုတ်ထိုး** - အင်္ဂလိပ်ကျွန်၊ ဂျပန်ကျွန်က ကျွတ်လွတ်ပြီး ငှက်ပျောကျွန်ဘဝကနေ မနောမြေကြီး လွတ်မြောက်ပါစေဗျာ။
**အိုးပေါက်** - ဝါရှောင်ဆရာတော်ဘုရားနဲ့ အပြင်မှာ စကားလက်ဆုံကျတော့ ဆရာတော်ဘုရား မိန့်တဲ့စကားလေးနဲ့ ဒီနေ့ စကားဝိုင်းကို ချုပ်လိုက်ချင်သဗျာ။

**တုတ်ထိုး** - ဘာတဲ့။
**အိုးပေါက်** - "အခွန်ရတဲ့ ၅ သိန်းဟာ နိုင်ငံမြေယာ၊ ပြည်သူရဲ့ အနာဂတ် ငါးကမ္ဘာမက ပျက်စီးသွားတာကို မြင်ချင်သလား"တဲ့။

**တုတ်ထိုး** - ကိုင်း. . . ။
**အိုးပေါက်** - အခွန်ကမ္ဘာထဲက ပုဂ္ဂိုလ်များ ခင်ဗျား။ အနာဂတ်ငါးကမ္ဘာကိုလည်းလှမ်းကြည့်ပေးတော်မူကြပါဦးခင်ဗျ။ ။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၂၇ ၊ ၂၀၁၉ )

# "ယောကျ်ားဆိုတာ ဘယ်အရာမဆို လုပ်ရဲရမယ်" ဆိုတဲ့ လွဲမှားတဲ့ စိတ်ခံယူချက်ကြောင့် မူးယစ်ကျေးကျွန်ဘဝ ရောက်ရှိခဲ့ဖူးသူ ဇော်ဖန်း

မျိုးမြတ်မြတ်ပန် မေးမြန်းသည်

ခုနှစ်တန်း ကျောင်းသားဘဝနဲ့ ကျောင်းထွက်ခဲ့ပြီး မူးယစ်သားကောင်ဘဝကို အသက် ၁၇နှစ်မှ စတင်ရောက်ရှိခဲ့သူ။ ယောကျ်ားဆိုတာ ဘယ်အရာမဆို လုပ်ရဲရမယ်၊ လုပ်ဖူးရမယ်ဆိုတဲ့ လွဲမှားတဲ့ စိတ်ခံယူချက်ကြောင့် လမ်းမှားရောက်ခဲ့သူ။ လူငယ် တစ်ယောက်က မိဘကို သနားတဲ့စိတ်၊ သူကိုယ်တိုင် ပြောင်းလဲချင်တဲ့ စိတ်တွေနဲ့ မူးယစ်ကျေးကျွန်ဘဝမှ ရုန်းထွက်ခဲ့ပြီး မူးယစ်ကင်းစင်တဲ့ ဘဝနဲ့ အသစ်တစ်ဖန် ပြန်လည် အသက်ရှင်နေထိုင်နေတယ် ဆိုတဲ့ ဇိုင်းဝန်ပေါင် ကျို့ရှင်း ကရာတေးကလပ်၊ လက်ထောက်ဆရာ ကိုဇော်ဖန်းကို မူးယစ်ဆေးဝါးနွံမှာ နစ်ပြီး လူငယ်များ အတုယူကာ စိတ်ဓာတ်ခွန်အားရစေဖို့နဲ့ လက်ရှိမှာ လိမ်မာရေးခြားရှိပြီး လွဲမှားတဲ့ ခံယူချက်တွေကြောင့် သူ့လို လမ်းမှား ရောက်မသွားစေဖို့ မြစ်ကြီးနားသတင်းဂျာနယ်က တွေ့ဆုံမေးမြန်းထားပါသည်။




**အရင်ဆုံး ဆရာ့ရဲ့ မိသားစုနဲ့ လက်ရှိလုပ်ကိုင်နေတဲ့အလုပ်မှာ ဆရာ တာဝန်ယူထားတဲ့အပိုင်းကို ပြောပြပေးပါဦး။**

ကျွန်တော့် နာမည် ကိုဇော်ဖန်းလို့ ခေါ်တယ်။ မိသားစုက ၅ ယောက်ရှိပါတယ်။ မွေးချင်း ၃ယောက်ရှိတယ်။ အစ်မ ၂ ယောက်ဟုတ်တယ်။ ယောကျ်ားလေးက ကျွန်တော်တစ်ယောက်တည်းပဲ။ အခုကျွန်တော် လုပ်နေတဲ့ အလုပ်အကိုင်ကတော့ ဘဝသစ် ပြန်လည်ထူထောင်ရေးဂေဟာမှာ လိုအပ်ချက်တွေကို ဆက်ကပ်ရင်း ဇိုင်းဝန်ပေါင် ကျို့ရှင်းကရာတေးကလပ်မှာ လက်ထောက်ဆရာအဖြစ် လုပ်ကိုင်နေပါတယ်။

**ဆရာ့ရဲ့ငယ်ဘဝဖြတ်သန်းခဲ့ပုံနဲ့ မူးယစ်သားကောင်ဘဝကို ရောက်ရှိခဲ့ပုံကို ပြောပြပေးပါဦး။**

အဖေနဲ့အမေက စာမတတ်ဘူး။ ပြီးတော့ ဗမာစကားလည်း မတတ်ဘူး။ ဈေးသွားရင်လည်း အမြဲတမ်းရန်ဖြစ်ပြီး ပြန်လာကြတယ်တဲ့။ ဘိန်းစားဘဝရောက်လာတာဟာ မိဘတွေနဲ့လည်း အနည်းငယ်ဆိုင်တယ်။ မိဘတွေ ပညာမတတ်တော့ သင်သွန်ဆုံးမတဲ့အခါမှာ လိုအပ်ချက်တွေ အများကြီးရှိသွားတယ်။ ပညာရေးဘက်ကိုလည်း အားမပေးတာမျိုးတွေ ဖြစ်သွားတယ်။ ကျွန်တော်က ၇ တန်းမှာ ကျောင်းဆက်မတက်တော့ဘူး။ ကျောင်း မတက်တော့ရင်လည်း ကျောင်းတက်ပါလို့ အားမပေးဘူး။ နင်မတက်ချင်ရင်လည်း မတက်နဲ့တော့လို့ ပြောတယ်။ အဲသလိုပြောတော့ ကလေးဆိုတော့ ကျောင်းမတက်ခိုင်းရင် ပိုပျော်သွားတာပေါ့။ မိဘတွေက ကိုယ့်အပေါ် အရမ်းကောင်းတယ်လို့ မြင်ခဲ့တယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာတော့ ကျောင်းမတက်တော့တဲ့ အချိန်ကစပြီး အိမ်မှာနေရင်လည်း အကျိုးရှိမယ့်ပုံ မပေါ်တော့ များသောအားဖြင့် ပိုက်ဆံရှာမယ်ဆိုပြီး သူများလို မြို့တွေမှာ အလုပ်လုပ်တာတို့၊ နိုင်ငံခြားတို့ အလုပ်လုပ်တယ်ဆိုတာမျိုး သိပ်မရှိဘူးလေ။ တောထဲသွားမယ်။ ရွှေမော်သွားမယ်၊ သစ်လုပ်ကွက်သွားမယ် ဆိုတာတို့ကို များသောအားဖြင့် ပိုစဉ်းစားကြတယ်။ ရွှေမော်သွားတယ်ဆိုပြီး ပိုက်ဆံကအများကြီးရတာတော့ မဟုတ်ပါဘူး။ အဲသလို လျှောက်သွားတော့ အပေါင်းအသင်း များပြီလေ။ ဆိုတော့ ပိုက်ဆံပဲ စဉ်းစားသွားတယ်။ ပိုက်ဆံရဖို့ပဲ ဦးနှောက်ထဲမှာရှိတယ်။ ဒါပေမဲ့ ပိုက်ဆံရမယ့်လမ်းကို လုပ်နေလားဆိုတော့ မဟုတ်နေဘူး ဖြစ်နေတယ်။ ရွှေတူးတဲ့အလုပ်က လက်လုပ်လက်စားအလုပ်ပဲ ဖြစ်တယ်။ ကျောင်းမတက်တော့တဲ့ အချိန်ကစပြီး ကျောင်းမတက်တဲ့ အပေါင်းအသင်းနဲ့ပဲ ပေါင်းတယ်။ ကျောင်းတက်တဲ့ သူငယ်ချင်းတွေက ဘယ်လိုမှ မရဘူးလေ။ သူတို့က မနက်ဆိုရင် ကျောင်းသွားကြတယ်။ ကျန်တဲ့ ကျောင်းမတက်တဲ့သူတွေက ဘယ်ကိုမှ မသွားတတ်တော့ မူးယစ်သုံးစွဲတတ်တဲ့ သူတွေနဲ့ ပေါင်းလာတယ်။ အလုပ်မရှိ၊ ပညာမတတ်တော့ မူးယစ်သုံးစွဲတဲ့ဘက်ကို စတင်လာတယ်။

**မူးယစ်ဆေးဝါးကို ဆရာ့အနေနဲ့ ဘယ်လိုစိတ်မျိုးနဲ့ သုံးစွဲလာခဲ့တာလဲ။**

နဂိုကတည်းကလည်း ကျွန်တော်က ယောကျ်ားဟုတ်တယ်။ ယောကျ်ားဆိုတာ ဘာမဆိုလုပ်ဖူးရမယ်၊ လုပ်ရဲရမယ်ဆိုတာ ကျွန်တော်စိတ်မှာ ရှိနေတယ်။ ရှိနေတော့ အပေါင်းအသင်းတွေကလည်း နည်းနည်းသောက်၊ ဒါကောင်းတယ်ဆိုပြီး ပြောတော့ ဆေးသုံးတဲ့အရသာသိတဲ့ သူတွေပဲဆိုတော့ ဘိန်းဖြူဆိုရင်လည်း ဝန်မလေးတော့ဘူးလေ။ ဆေးလိပ်လည်း သောက်တတ်နေတယ်၊ အရက်လည်း သောက်တတ်နေတယ်ဆိုတော့ ဝန်မလေးဘူးလေ။ အဲလောက်ထိ အကြီးအကျယ်ပြဿနာတွေ၊ အနှောင့်အယှက်တွေ ဖြစ်လာမယ်လည်း မထင်ဘူးလေ။ အဲတာကြောင့် ယောကျ်ားဟုတ်တယ်ဆိုပြီး ရဲရဲဝံ့ဝံ့ သုံးစွဲလာတာ။

**အဲသလို မူးယစ်ကို သုံးစွဲလာတော့ မူးယစ်သားကောင်ဘဝကို ဘယ်လိုထင်ခဲ့လဲ။**

ယောကျ်ားဟုတ်တယ် ဆိုပြီး မူးယစ်သုံးစွဲလာတာဟာ တကယ်တမ်း လက်တွေ့မှာ မလွယ်ဘူး။ ကိုယ့်ဘဝက လမ်းမှား ရောက်သွားတယ်။ သူများ အထင်သေးတာတို့၊ မိသားစုမှာလည်း ယောကျ်ားလေးတစ်ယောက်ပဲ ဆိုတော့ မိဘတွေလည်း ကိုယ့်ကို ထိန်းလို့မရဘူး။ ကိုယ် နေချင်သလို နေသွားတယ်။ ကျွန်တော့ ဘဝက တဖြည်းဖြည်း အနောက်ရောက်သွားတယ်။ လူများတွေက အလုပ်လုပ်ဖို့ ခေါ်ရင်လည်း ကိုယ်က ပညာရေးလည်း ချို့ယွင်းတာတို့၊ ပေါင်းသင်းဆက်ဆံရေးလည်း မကောင်းတာတို့ ဖြစ်ရုံသာမက မူးယစ်ဘက်ကိုပဲ အာရုံရောက်နေခဲ့တယ်။ အချိန်လည်း မပေးနိုင်ဘူး ဖြစ်သွားတယ်။ ကိုယ့်ရဲ့ပျော်ရွှင်မှုအစစ်ဆိုတာ မူးယစ်ဘက်ကိုပဲ ထင်နေခဲ့တယ်။ မူးယစ်ဆေးကပဲ ကိုယ့်ကို ပျော်ရွှင်မှု ပေးနိုင်တယ်လို့ ထင်ခဲ့တယ်။

**အသက်ဘယ်နှနှစ်ကနေစပြီးမူးယစ်ဆေးဝါးသုံးစွဲတတ်ခဲ့လဲ။**

အသက် ၁၇ နှစ်ကနေ ကျောင်းထွက်ခဲ့ရပြီး မူးယစ်သားကောင် ဖြစ်သွားခဲ့တာ ၁၀နှစ်လုံးလုံး မူးယစ်ဆေးဝါးကို ကိုးကွယ်ခဲ့တယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၇ ခုနှစ် အထိပေါ့။

တစ်ဖက်စာမျက်နှာ သို့ »

တစ်ဖက်စာမျက်နှာ မှ »

ကျွန်တော်တို့တုန်းကတော့ မူးယစ်ဆေးဝါးကို လွတ်လွတ်လပ်လပ် သုံးစွဲတယ်။ အခုလိုမျိုး ပတ်ဂျဆန်တို့လည်း မရှိဘူးလေ။ ဘယ်သူမှလည်း ကူညီဖေးမမယ့်သူ မရှိဘူးလေ။

**ဘာကြောင့် ကျောင်းထွက်ခဲ့ရတာကိုလည်း ပြောပြပေးပါဦး။**

၇ တန်း ကတည်းက ကျောင်းထွက်သွားတာက ပြောရမယ်ဆိုရင် ကျွန်တော် ၇တန်းမှာ ကျတယ်။ ကျသွားတယ်ဆိုတာ ဆေးလိပ်သောက်တတ်တယ်၊ အရက်သောက်တတ်တယ်။ ကျွန်တော်က အပေါင်းအသင်းလည်း အရမ်းမက်တဲ့သူ ဖြစ်တယ်။ အဲဒါကြောင့်လည်း ဖြစ်တယ်။ ကိုယ့်ရဲ့အမှားလည်း ဟုတ်တယ်။ အဲဒီတုန်းကတော့ အခုခေတ်လိုမျိုး မျက်စိ သိပ်မပွင့်ကြဘူး။ အရက်ပဲ လိုက်သောက်နေတော့ ဘယ်လိုမှ စာမေးပွဲ မဖြေနိုင်တော့ဘူးပေ့ါ။ နောက်နှစ်ပြန်တက်တော့ အရမ်းကြိုးစားမယ်လို့ စဉ်းစားထားပေမယ့် မရဘူး။ နောက်ဆုံးတော့ ဆေးလိပ်သောက်တတ်၊ အရက်သောက်တတ်တော့ မိသားစုတွေကိုလည်း မကြောက်၊ ပတ်ဝန်းကျင်ကိုလည်း မကြောက်တတ်လာတော့ ၇ တန်း နှစ်ကျပြီး ပြန်တတ်တဲ့နှစ်မှာ ဆရာမနဲ့ရန်ဖြစ်ပြီး မိဘတိုင်တဲ့အရေးနဲ့ တိုင်တယ်။ သူတို့က စည်းကမ်းနဲ့ လုပ်တာပေ့ါ။ ဒါပေမဲ့ ကိုယ်က စိတ်ဓာတ်ပျက်နေတဲ့သူဆိုတော့ ဆရာမနဲ့ ရန်ဖြစ်တဲ့ချိန် ဆရာမကို ကျွန်တော်ပြန်မယ်လို့ ပြောလိုက်တော့ ဆရာမလည်း ပြန်လို့ရတယ်လို့ ပြောလိုက်တော့ အရမ်းပျော်သွားတယ်။ ဆရာမကိုယ်တိုင် အဲသလို ပြောလိုက်တဲ့ချိန် ကျွန်တော်လည်း လွယ်အိတ်ကောက်ပြီး ကျောင်းထွက်ခဲ့တယ်။ အိမ်ရောက်တော့လည်း ကျွန်တော့အဖေလည်း မင်းမတက်ချင်ရင်လည်း ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ မတက်နဲ့တော့ဆိုပြီး ပြောတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့်ဘဝက သုညဖြစ်သွားတာပေ့ါ။

**ဘယ်အရာက မူးယစ်ဆေးဝါးသုံးစွဲဖို့ တွန်းအားဖြစ်စေခဲ့တာလဲ။**

မူးယစ်ဆေးဝါး စသုံးစွဲဖြစ်တာက ဘယ်သူ့တွန်းအားရယ်လို့တော့ မရှိဘူး။ အပေါင်းအသင်းကြောင့်ဆိုရင်လည်း အပေါင်းအသင်းတွေကို ကိုယ်က မပေါင်းရင် ဘာမှမဖြစ်ဘူး။ ခံယူချက်ကောင်း ရှိနေရင်တော့ ကောင်းတဲ့ဘက်ကို လျှောက်မယ်။ ခံယူချက်ကောင်းရင်တော့ မူးယစ်ဆေးဝါး ဘယ်လောက်ပေါတဲ့နေရာမှာလည်း မပျက်စီးတဲ့သူတွေ ရှိတယ်။ ကျွန်တော်က အထက်မှာပြောသလိုပေ့ါ ယောက်ျားဆိုတာ ဘာမဆိုလုပ်ရဲရမယ်၊ လုပ်ဖူးရမယ်လို့ခံယူပြီး သုံးစွဲခဲ့တာပေ့ါနော်။

**မူးယစ်သားကောင်ဘဝမှာ တခြားလူတွေ၊ ပတ်ဝန်းကျင်တွေက ဘယ်လိုဆက်ဆံကြလဲ။**

မူးယစ်သားကောင်ဘဝမှာ လူတွေ ဘယ်လိုဆက်ဆံလဲဆိုတော့ အရင် ဘာမှမဖြစ်ခင်တုန်းကတော့ ဘယ်သူ့အိမ်သွားသွား ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ မူးယစ်သုံးစွဲသွားတော့ သူများအိမ်သွားတဲ့ချိန် ကိုယ့်ကို ပယ်ထားတဲ့အပိုင်းဘက် ထားလာတယ်။ မယုံကြည်ဘူးပေ့ါ။ အိမ်က တစ်ခုခုယူသွားမလား၊ ခိုးသွားမလားပေ့ါ။ ဒါမှမဟုတ် ကိုယ့်ကလေးကိုများ သွေးဆောင်ဖျားယောင်းမလားဆိုပြီး မိဘတွေက သူတို့သွားရမယ့် ကိစ္စတွေကိုတောင် မသွားဘဲနဲ့ သူတို့ကလေးတွေကို စောင့်ကြည့်နေရတယ်။ ကိုယ့်ကို ယုံကြည်မှု ဘယ်သူမှ မရှိတော့ဘူး ဖြစ်သွားတယ်။

**အခုလက်ရှိချိန်မှာ ဆရာ့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲခဲ့တုန်းကနဲ့ အခုဘဝကဘယ်လိုကွာခြားသွားတယ်လို့မြင်လဲ။**

အရင်ကနဲ့ အခုက အရမ်းကွာသွားတယ်။ ဘယ်လိုကွာသွားလဲဆိုတော့ အခုက လွတ်လွတ်လပ်လပ် နေလို့ရတယ်၊ အိပ်လို့ရတယ်၊ စားလို့ရတယ်၊ လူများတွေနဲ့လည်း စကားပြောလာနိုင်တယ်။ အားလုံးကလည်း ကိုယ့်ကို လက်ခံလာတယ်။ အရင် မူးယစ်သုံးစွဲတုန်းကဆိုရင် အရမ်းပျော်ရွှင်မှုရှိသလိုပေ့ါ။ အားလုံးထက်ကိုယ်က ပိုပျော်ရွှင်မှုရသလိုပါပဲ။ ဒါပေမဲ့ ခုချိန်မှာ ပြန်စဉ်းစားလိုက်တော့ စိတ်ထဲမှာ ကြောက်စိတ်ဝင်နေတယ်။ ကြောက်စိတ်ဝင်တယ်ဆိုတာက ဒီနေ့သောက်ထားတဲ့ မူးယစ်ဆေးက မနက်ဆို အရှိန်ပြေပြီ၊ မနက်ဖြန်ဆိုဘယ်လို ဆက်ဖန်ပြီး သောက်မယ်။ ဘယ်ကနေ ဘယ်လိုယူမယ်။ ဘယ်က ပိုက်ဆံယူမယ် ဆိုတာမျိုးနဲ့ အမြဲတမ်း စိတ်မောနေခဲ့တာပဲ။ အဲဒီတုန်းက ပျော်ရွှင်မှုက အတုအယောင်လို့ မြင်တယ်။ အခုလို မူးယစ်ကင်းစင်တဲ့ ဘဝမှ တကယ် ပျော်ရွှင်မှုအစစ်ပဲ၊ တကယ့်လူ့ဘဝအစစ်ပဲလို့ ကျွန်တော်ခံယူသွားတယ်။

**မူးယစ်ဆေးဝါးသုံးစွဲတဲ့ ဘဝကနေ ဘယ်လိုလွတ်မြောက်ခဲ့တာလဲ။**

အရင် ကိုယ်မူးယစ်သုံးစွဲခဲ့တုန်းကတော့ ဘယ်သူ့အကူအညီမှ မလိုဘူး။ ကိုယ်မသုံးစွဲချင်လာတော့ဘူးဆိုရင် အဲ့ဒါကို ဖြတ်ဖို့ အကူအညီ လိုလာတယ်။ ကိုယ်တစ်ယောက်တည်း လုပ်လို့ မရဘူး။ မိသားစုတွေ ပါဝင်ရမယ်၊ ရွာက လူကြီးတွေ ပါဝင်လာရတယ်ပေ့ါ။ ကျွန်တော်နားလည်ထားတာက ကျွန်တော်တို့ မူးယစ်သုံးစွဲတဲ့သူတွေက မမြင်ရတဲ့ ရောဂါအနာ ဝင်နေသူတွေ ဖြစ်တယ်။ နာတာရှည်ရောဂါ ဖြစ်တယ်တဲ့။ အဲဒါကြောင့် ကူညီမယ့်သူတစ်ယောက်တော့ရှိရမယ်။ ကျွန်တော့်ကို မိဘတွေက ဘာဖြစ်ရင်ဖြစ် ပါစေတော့ဆိုတာထက် ကျွန်တော့ကို ကယ်ယူတဲ့သဘောနဲ့ ကျွန်တော့်ကို ပတ်ဂျဆန်တွေ လာဖမ်းတယ်။ ၂၀၁၇ ခုနှစ် မေလမှာ ကက်သလစ်အသင်းတော်က ဖွင့်လှစ်ပေးတဲ့ ဘဝသစ် ပြန်လည်ထူထောင်ရေး ဂေဟာမှာ ဘိန်းဖြတ်ခဲ့ပါတယ်။ သင်တန်းကာလ ၄လ ဖြစ်ပါတယ်။ ၄လကြာ သင်တန်းတက်ပြီး ဒီမှာပဲဆက်ပြီး အလုပ်လုပ်ကူရင်းနဲ့ နေနေတယ်။ ပြောရမယ်ဆိုရင် အပြင်ရောက်ရင်လည်း ပညာမတတ်၊ အလုပ်အကိုင်မရှိဆိုတော့ ဒီပုတ်ထဲကဒီပဲ ပြန်ဖြစ်မှာ စိုးရိမ်တဲ့အတွက်ကြောင့် ပြီးတော့ ပြောင်းလဲချင်လို့လည်း ဆက်ကပ်တဲ့အနေနဲ့ ဆက်နေဖြစ်ခဲ့တာပါ။ အဲဒီနေရာကို ရောက်တော့ မူးယစ်တာ ပျောက်သွားတဲ့ကာလမှာတော့ စိတ်တွေ နည်းနည်းတည်ငြိမ်သွားတယ်။ ပျော်သွားတာပေ့ါ။ မူးယစ်သားကောင်တွေက စိတ်ဆန္ဒ အရမ်းပြင်းပြပြီး လာဖြတ်တဲ့သူတွေ ရှိသလို၊ လူများတိုက်တွန်းပြီး ပြောင်းလဲတာရှိတယ်။ ကျွန်တော်လည်း အဲဒီထဲကပဲ။ မိဘကိုသနားလို့ ပြောင်းလဲတာလည်း ပါတယ်။ ကိုယ့်ကိုယ်ကို ပြောင်းလဲချင်တာလည်း ပါတာကြောင့်ပါ။ ပျော်လာတဲ့နှစ်တွေလည်း ကြာပြီ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝကို ကောင်းတဲ့ဘက်ကို လျှောက်ပြီး တည်ဆောက်ရတော့မယ် ဆိုတဲ့အချက်တွေကြောင့်လည်း ဖြစ်ပါတယ်။

**အခုလက်ရှိမှာတော့ ဆရာ့ရဲ့တစ်နေ့တာကို ဘယ်လိုဖြတ်ကျော်နေတာလဲ။**

အခုလက်ရှိတော့ ကျွန်တော်နေခဲ့တဲ့ ဘဝသစ်ထူထောင်ရေးဂေဟာမှာ ဆက်ကပ်တဲ့အနေနဲ့ အလုပ်ဝင်လုပ်နေပါတယ်။ ပိုပြီးတာဝန်ယူထားတဲ့အပိုင်းကတော့ ကိုယ်ကလည်း ဒီကခြံပေါက်ပဲဆိုတော့ လူများကိုကြည့်ပေးတယ်။ အားပေးစကားပြောတယ်။ စကားပြောပေးမယ်၊ သူ့ရဲ့ခံစားချက်ကို ကိုယ်က ဖော်ထုတ်ပေးတာတို့နဲ့ လိုအပ်တဲ့အလုပ်တွေကို ဆောင်ရွက်နေပါတယ်။ ပြီးတော့ ကရာတေးလည်း ဆော့ဖြစ်နေပါတယ်။ ဒီကရာတေးမှာလည်း ကိုယ့်ဆရာကို ကူညီရင်း ဆက်ကပ်နေတာပေ့ါ။

**ကရာတေး အားကစားကို ကစားရတဲ့ အကြောင်းအရင်းကိုလည်း ပြောပြပေးပါဦး ဆရာ။**

ကရာတေး ဆော့ဖြစ်ခဲ့တဲ့ အကြောင်းအရင်းကတော့ ကျွန်တော် အရင်ကတည်းက စိတ်ဝင်စားခဲ့တယ်။ စိတ်ဝင်စားပေမယ့် ပံ့ပိုးပေးမယ့်သူ မရှိခဲ့ဘူး။ တိုက်တွန်းတာလည်း မရှိခဲ့ဘူး။ ဘယ်လိုဆော့ဖြစ်ခဲ့လဲဆိုတော့ ဆရာယိန်းဘောမ်က ကျွန်တော်တို့ဂေဟာမှာ လာသင်တယ်။ ကျွန်တော် ဆရာ့ကို ပြောတယ်။ ကျွန်တော်လည်း ဆော့ချင်တယ်လို့၊ ဆရာလည်း ဆော့ချင်ရင်တော့ လာခဲ့ပါလို့ ပြောတယ်။ ဒီဂေဟာနေတဲ့သူတွေကို ဘာအဖိုးအခမှ မယူဘူး။ လာခဲ့ပါဆိုပြီး ဖိတ်ခေါ်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကစားချင်လို့ ကစားခဲ့ပါတယ်။ အခုချိန်မှာတော့ ကိုယ်လည်း စိတ်ဝင်စားတဲ့ ဒီကရာတေးကို ဆော့ခွင့်ရပီပေ့ါ။

**တချို့ကျတော့ ဘိန်းဖြတ်စခန်းမှာနေတုန်းကတော့ မသောက်မစားတော့ဘူးပေ့ါ။ ဒါပေမဲ့ အပြင်လောကကို ပြန်ရောက်ရင် အရင်လို ပြန်သုံးစွဲလာတာမျိုး တွေ့ရတယ်။ ဘာကြောင့်လို့ ဆရာ့အနေနဲ့မြင်လဲ။**

စိတ်အရင်လာတယ်၊ ပြီးမှ ခန္ဓာကိုယ်လာတယ်။ ခန္ဓာကိုယ်ရောက်တော့ လက်တွေ့လုပ်ဆောင်ချက်တွေ လာတာပေ့ါ။ လုပ်ဆောင်ချက် ရောက်ရင်တော့ ပြန်ပျက်စီးတာပဲပေ့ါ။ အဲလိုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်ချင်တဲ့ စိတ်ကြောင့် ကျွန်တော်က အတွေးမရောက်အောင် အရင်လုပ်တယ်။ အတွေးမရောက်ရင်တော့ ခန္ဓာကိုယ်က မရောက်တော့ဘူး။ လက်တွေ့လည်း မလုပ်တော့ဘူးပေ့ါနော်။ အဲ့ဒါကြောင့် ကျွန်တော့်အမြင်က အားကစားနဲ့ မူးယစ်က ဆန့်ကျင်ဘက်ဖြစ်တာကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က မူးယစ် သုံးစွဲသူဆိုတော့ မူးယစ်နဲ့ ဆန့်ကျင်ဘက်ကိုတော့ လုပ်ရတော့မယ်လို့ ခံယူချက်ရှိနေတော့ ကရာတေးအားကစားကို ကစားဖြစ်သွားတာ ဖြစ်ပါတယ်။

**ကရာတေးကစားခဲ့တာ ဘယ်လောက် ကြာပီလဲဆရာ။ ပြီးတော့ အဆင့်ဘယ်လောက်မှာ ရောက်နေပြီလဲ။**

ကျွန်တော် ကရာတေးကစားတာ ၁ နှစ်ကျော်နေပါပီ။ ကျွန်တော် ခါးပတ်အစိမ်းဆင့်မှာ ရောက်နေပါပြီ။ ကလပ်မှာ လက်ထောက်ဆရာအနေနဲ့ ကျွန်တော့်ဆရာကို ကူညီနေပါတယ်။

**ဆက်လက်ပြီး ဆရာ့အနေနဲ့ ဒီ ကရာတေးအားကစားကို ဘယ်လောက်ထိ ကစားသွားမယ်လို့ ရည်ရွယ်ထားလဲ။ ပြီးတော့ ဆရာ့ရဲ့ ဘဝရည်မှန်းချက်ကိုလည်း သိပါရစေ။**

ခုချိန်ခံယူထားတဲ့ ခံယူချက်ကတော့ ခုလို မူးယစ်ကင်းစင်တဲ့ ဘဝကမှ တကယ့်ပျော်ရွှင်မှု အစစ်အမှန်လို့ ခံယူတယ်။ အဓိပ္ပါယ်ရှိတယ်လို့ ခံစားရတယ်။ မသောက်မစားဘဲနဲ့တစ်သက်လုံး နေထိုင်သွားမယ်။ အရင် ကိုယ်ဖျက်ဆီးခဲ့တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေ၊ မိသားစုတွေကို ခုချိန်မှာ အကြွေးဆပ်ရမယ်။ အကြွေးဆပ်ရမယ့်ဆိုတာထက် ဒီလို မသောက်မစားဘဲနေတာလည်း အကြွေးဆပ်တာနဲ့ အတူတူပဲပေ့ါနော်။ ခုကျွန်တော်ဆော့နေတဲ့ ကရာတေးကိုလည်း ပိုပိုပြီး ကောင်းအောင်ကြိုးစားပြီး ကစားသွားမယ်။ မိသားစုတွေနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်တွေမှာ ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသား ဘဝကို ဖြတ်သန်းနေထိုင်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။

**ဆရာ့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ပြောချင်တဲ့ စကားက. . . .**

တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူး။ ပြောရမယ်ဆိုရင် နင်ပြောင်းလဲပါလို့ ပြောလို့လည်း မရဘူး။ တကယ်ပြောင်းလဲရမှာက ကိုယ်ကိုယ်တိုင် ဖြစ်နေတယ်။ ကျွန်တော့်ကို ပြောမယ်ဆိုရင် အိမ်သားတွေ၊ ပတ်ဝန်းကျင်တွေက ပြောင်းလဲပေးလို့ မရဘူး။ အဓိကက ကိုယ်တိုင်ပေ့ါနော်။ ကိုယ်ကိုယ်တိုင် ပြောင်းလဲဖို့ ကြိုးစားရမယ်။

ဘိန်းဖြတ်စခန်းကတော့ ကိုယ့်ကို မူးယစ်မသောက်မစားဖို့ အဆင့်တစ်ခု လုပ်ပေးလိုက်တယ်။ ဆက်ပြီး အပြင်လောကမှာ စာမေးပွဲဖြေရမှာက ကိုယ်တိုင်ပဲ ဖြစ်တယ်။ တချို့က မူးယစ်ဆေးဝါးသုံးစွဲနေပြီး အရမ်းတော့ မောပန်းနေပြီ။ ဒါပေမဲ့ ကိုယ့်ကို ဘိန်းဖြတ်ဖို့ အကူအညီ မတောင်းတတ်ဘူး။ အဲ့တာကြောင့် အဓိကပြောချင်တာက ကိုယ်တစ်ယောက်တည်း ဖြတ်လို့မရတဲ့ မူးယစ်ဆေးဝါးဖြစ်တဲ့အတွက်ကြောင့် ဖြတ်ဖို့ အကူအညီတောင်းရမယ်။ ကူညီပေးတဲ့သူတွေလည်း ကိုယ့်ကို မသောက်မစားဖို့တော့ မကူညီပေးနိုင်ဘူး။ ဒါပေမဲ့ မသောက်မစားဖို့ကတော့ ကိုယ့်တာဝန်ပဲဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဖြည့်စွက်ပြောချင်တဲ့ စကားရှိရင် ပြောပေးပါဦးဆရာ။**

လာမယ့် မျိုးဆက်သစ်တွေအတွက် မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ အသိပညာပေးတွေ လုပ်ပေးတာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ တချို့ကလေးတွေက ဘိန်းဆိုတာ မမြင်ဖူးတာ ရှိပါတယ်။ ဆိုတော့ အဲချိန်မှာ မူးယစ်ဆိုတဲ့ဟာကို သိသွားစေတာပေ့ါ။ တစ်ခုရှိတာက လူရွယ်သေးတဲ့ လူငယ်တွေကို မူးယစ်ဆေးဝါးကို သုံးစွဲရင် ဘယ်လိုဆိုးကျိုးတွေ ရှိလာတယ်ဆိုတာ၊ မူးယစ် ဆေးဝါးဆိုတာ ရန်သူပဲဆိုတာကို ကလေးတွေရဲ့စိတ်မှာ စွဲမြဲသွားအောင် ရိုက်သွင်းပေးရမယ်ပေ့ါနော်။ အဲဒါကို အစွဲ၊ အယူရှိသွားရင်တော့ နောက်ဆုံး တဖြည်းဖြည်း ကင်းစင်သွားမယ်လို့ မြင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ်။ ■**

# လူနေအိမ်များကို ကျောက်လုပ်ကွက်ဆွဲပြီး နစ်နာကြေးမပေးသေးသည့် ကုမ္ပဏီကို ဒေသခံများ ဆန္ဒပြ



မေ ၂၂

**ဖား**ကန့်မြို့မှ အိမ်ခြေခြံမြေ သုံးဆယ်ကို ကျောက်လုပ်ကွက်အဖြစ် ရယူသွားပြီး နစ်နာကြေးမပေးခဲ့သည့်ကိစ္စကို မကျေနပ်သည့် ဒေသခံများက မေလ ၂၂ ရက်မှစတင်ကာ ဆန္ဒထုတ်ဖော်လျက်ရှိသည်။

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ရပ်ကွက်(၅) အောက်ချိုင့်ရပ်ကွက်မှ အိမ်ခြေ ၃၀ မြေနေရာများကို ကျောက်မျက် တူးဖော်ရေးကုမ္ပဏီတစ်ခုက လျော်ကြေးမပေးဘဲ လုပ်ကွက်ဆွဲခဲ့ခြင်းအပေါ် မကျေနပ်၍ ရက်အကန့်မရှိ ဆန္ဒပြတောင်းဆိုသွားမည်ဟု သိရသည်။

ယင်း အိမ်ခြေ ၃၀ မြေနေရာကို Ever Winner Company အုပ်စုမှ ရတနာကြာဖြူ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီက လွန်ခဲ့သည့် ဆယ်နှစ်ခန့်က လုပ်ကွက်ဆွဲခဲ့ပြီး ယနေ့အချိန်အထိ လျော်ကြေးမပေးသဖြင့် လိုချင်သည့် အဖြေမထွက်မချင်းဆန္ဒပြတောင်းဆိုသွားမည်ဟု ဦးဆောင်သူ ကိုထွန်းထွန်းက ပြောသည်။

"ယုတ်မာတဲ့ ကောက်ကျစ်တဲ့နည်းလမ်းနဲ့ မြေကိုသိမ်းပြီးမှ လုပ်ကွက်ဆွဲသွားတဲ့ ကိစ္စကို ဖြေရှင်းမပေးလို့ ကျွန်တော်တို့ ၂၀၁၂ ကတည်းက တိုင်တန်းခဲ့တယ်။ အကြိမ်ကြိမ် တိုင်တန်းချက်အရ စစ်ဆေးရေးအဖွဲ့တွေက အကြိမ်ကြိမ်လာစစ်ဆေးတယ်။ ဒါပေမဲ့ ကုမ္ပဏီနဲ့ လက်ဝါးချင်းရိုက်ပြီးမှ ပြန်သွားကြတယ်။ ကျွန်တော်တို့ ပြည်သူတွေက အရမ်းနစ်နာနေတယ်။ ဒါကြောင့် မခံနိုင်တော့လို့ ဆန္ဒဖော်ထုတ်တာ"ဟု ကိုထွန်းထွန်းက ဆက်လက်ပြောသည်။

ထိုနေရာကို လုပ်ကွက်ဆွဲခဲ့သည့် ၂၀၁၀ ခုနှစ်မေလနှင့် ဇွန်လက ပြောင်းရွှေ့စရိတ်အဖြစ် အိမ်အခြေအနေပေါ် မူတည်ကာ ငွေကျပ်ငါးသိန်း/ခုနှစ်သိန်းနှင့် ပေ ၂၀ ခန့် ကျယ်ဝန်းသည့် မြေနေရာများ အစားထိုးပေးခဲ့သော်လည်း လျော်ကြေးအဖြစ် သီးသန့်မပေးခဲ့သဖြင့် ယခုကဲ့သို့ နစ်နာကြေးတောင်းဆိုနေကြခြင်း ဖြစ်သည်ဟု ဆန္ဒပြရာတွင်ပါဝင်သူတို့က ပြောသည်။

"သူတို့က (မြေစာတွေကို) ဘေးပတ်ပတ်လည်မှာ ဝိုက်လိုက်တဲ့ အခါကျတော့ ရေကြီးပြီလေ။ ရေကြီးတော့ မပြောင်းလို့က မရဘူး။ လက်မှတ်မထိုးလည်း မရတော့ ထိုးလိုက်ရတာပေါ့။ သဘောတူလို့ ကျေနပ်လို့ ထိုးတာမဟုတ်ဘူး။ ကျွန်မတို့နေရာက အခုပြောင်းပေးထားတာထက် ခြောက်ဝင်း ခုနှစ်ဝင်းစာလောက် ရှိတယ်"ဟု ပြောင်းရွှေ့ခံ ဒေါ်ရွှေလကပြောသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးထံ မြစ်ကြီးနားသတင်း ဂျာနယ်မှ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရရှိခဲ့ပါ။

ယင်းသို့ နစ်နာနေမှုများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရထံ အကြိမ်ကြိမ် စာတင်တောင်းဆိုထားသော်လည်း ထူးခြားမှုမရှိသဖြင့် လေးကြိမ်မြောက် ဆန္ဒဖော်ထုတ်နေခြင်း ဖြစ်ကြောင်းလည်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

# ဖားကန့်၌ ဖခင်အရင်းကို သားဖြစ်သူက ကျောက်လှည့်ဖြင့် ထိုးသတ်

မေ ၂၃

**ဖား**ကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ယုမာကျေးရွာတွင် သားအဖချင်း စကားများရာမှ သားဖြစ်သူက ဖခင်ကို သတ်ဖြတ်ခဲ့ကြောင်း ဖားကန့် မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေလ ၂၁ ရက်နေ့ ည ၉ နာရီအချိန်ခန့်က ဖခင်ဖြစ်သူ ဦးစံဝင်းနှင့် သားဖြစ်သူ ဇော်မျိုးဦးတို့ စကားများ ရန်ဖြစ်ရင်း လုံးထွေးသတ်ပုတ်ကြရာ ဇော်မျိုးဦးက အသင့်ပါလာသည့် ဝက်အူလှည့်(စက်ပစ္စည်း ဖြုတ်သည့်အခါ သုံးသည့် ကိရိယာ)ဖြင့် ထိုးသတ်ခဲ့ကြောင်း ဦးစံဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းဝင်းက မျက်မြင်တွေ့ရှိသည်ကို ရဲစခန်းတွင် ထွက်ဆိုထားကြောင်း သိရသည်။

ယင်းသို့ ထိုးသတ်ခဲ့မှုကြောင့် ဦးစံဝင်းမှာ ဘယ်ဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာ ၂ ချက်၊ ညာဘက်နောက်ကျောတွင် ထိုးသွင်းဒဏ်ရာ ၂ ချက်နှင့် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့ပြီး ဖားကန့်မြို့နယ် ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ လူသတ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ကိုဇော်မျိုးဦးကို တနိုင်းမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဖားကန့်မြို့မရဲစခန်းမှ (ပ)၈၅/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ-၃၂၆ (ချွန်ထက်သော လက်နက်ဖြင့် အပြင်းအထန်နာကျင်စေမှု)တို့ဖြင့် ကနဦး အမှုဖွင့်လှစ် အရေးယူထားကာ ဥပဒေအကြံပြုချက်တောင်းခံပြီးနောက် လူသတ်မှုပုဒ်မဖြင့် တရားစွဲတင်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

# ဘီလူးမြို့တွင် ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းဆီးမိ

**မိုး**ညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ လူနေအိမ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းဆီးမိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

အဆိုပါ လူနေအိမ်ကို အသက်၄၁နှစ်ရှိအောင်မြင့်ဆိုသူ ပိုင်ဆိုင်ခဲ့ပြီး ၎င်းနေအိမ် မီးဖိုဆောင်နှင့်စပါးကျီအနီးမှ ဘိန်းဖြူမှုန့်ပါဆပ်ပြာခွက်များကို မေလ ၂၀ ရက်နေ့က ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနမှ ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ သာယာကုန်းရွာရှိ အောင်မြင့်ဆိုသူ၏နေအိမ်တွင် ဝင်ရောက်ရှာဖွေခဲ့ကြရာ ကြွပ်အိတ်အတွင်းမှ အဝါရောင်အဖုံးပါ အဖြူရောင်ဘူးအတွင်းမှ စိတ်ကြွဆေးပြားဟု ယူဆရသော တံဆိပ်မပါသည့် ပန်းရောင်ဆေးပြား ၅၅ ပြားပါတစ်ဗူး၊ ၃၅ ပြားပါ၁ဗူး စုစုပေါင်းဆေးပြား ၉၀ ပြားစုစုပေါင်း အလေးချိန် (၉)ဂရမ် ခန့်၊ အစိမ်းရောင်အဖုံးပါ အဖြူရောင် ကော်ဗူးအတွင်းမှ ဘိန်းဖြူဟု ယူဆရသော ဖြူဝါကြားအမှုန့် အလေးချိန် (၀. ၃)ဂရမ်စီပါသော ဗူး(၄)ဗူး၊ စုစုပေါင်း အလေးချိန် (၁. ၂ ဂရမ် )၊ နေအိမ်မီးဖိုဆောင်အတွင်း ကုတင်အောက်ရှိ မိုးကာအကျီလိပ်အတွင်းမှ ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသော ဘိန်းဖြူမှုန့် ဖြူဝါကြားအမှုန့် အလေးချိန် (၉) ဂရမ်ခန့်စီပါသော ဆပ်ပြာခွက် ၃ခွက်၊ ၄ ဂရမ်ခန့်စီ ပါသော ဆပ်ပြာခွက် ၁ ခွက် မြန်မာစက္ကူကျပ်တစ်ထောင်တန် အရွက်ရေ ၁၀၀ တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဆက်လက် ရှာဖွေခဲ့ကြရာ ၎င်းနေအိမ်အနောက်ဘက် စပါးကျီအောက်ရှိ စဉ့်အိုးအတွင်း မုန့်ပုံးဖြင့်ထည့်ထားသော ရောင်စုံဆပ်ပြာခွက်များအတွင်း ဖြူဝါကြားအမှုန့် အလေးချိန်(၉)ဂရမ်စီခန့်ပါ ဆပ်ပြာခွက်(၉)ခွက်၊ စုစုပေါင်း အလေးချိန် (၁၁၃. ၂)ဂရမ်ခန့်ကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးများကို အောင်မြင့်မှ မေလ-၁၃ရက်နေ့ နေ့လယ်ပိုင်းအချိန်က မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာအနီး လယ်ပြင်တွင် တွေ့ရှိခဲ့ရသော ဗမာအမျိုးသားတစ်ဦးထံမှ ဆေးပြား ၁၀၀ ပြားကို ကျပ်၁သိန်း၊ ဘိန်းဖြူဆပ်ပြာခွက် ၁၃ခွက်ကို ကျပ် ၁၆ သိန်း စုစုပေါင်းကျပ် ၁၇ သိန်းဖြင့် ဝယ်ယူခဲ့ပြီး သုံးစွဲရန်နှင့် ရောင်းချရန် ထားရှိသော ပစ္စည်းများ ဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

အဆိုပါ မူးယစ်ဆေးများနှင့်အတူ ဖမ်းဆီးမိခဲ့သော အောင်မြင့်ကို မယ(ပ)၆၆ မူး/စိတ်ပုဒ်မ-၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် ဖမ်းဆီးထားကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)

# ကုန်ရထားဖြင့် သယ်ဆောင်လာသော ကျောက်စိမ်းတုံးများကို မိုးညှင်းရဲက ဖမ်းဆီး

**မြစ်**ကြီးနား - မန္တလေး အမှတ်(၉၃၈)အစုန်၊ ကုန်ရထားပေါ်မှ တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်း အရိုင်းတုံးများ မော်ဟန်ဘူတာတွင် ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ကျောက်စိမ်းအရိုင်းတုံးများကို တရားမဝင် သယ်ဆောင်နေကြောင်း သတင်းအရ မိုးညှင်းမြို့မရဲစခန်းမှ ဝင်ရောက်ရှာဖွေရာ ရထားတွဲအမှတ် - GBHV 40700 စက်ခေါင်းမောင် နားနေတွဲ၏ အိမ်သာချောင်တွင် သို့ဝှက် သယ်ဆောင်လာသည့် ပီနံအိတ်ထုပ်များကို တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံးဟု ယူဆရသည့် အလေးချိန် ၆၅၀ ကီလိုဂရမ်ခန့်ရှိသော ကျောက်တုံး အရွယ်စုံ ၄၀၅ တုံး၊ အလေးချိန် ၄၀ ကီလိုဂရမ်ခန့်ရှိသော ကျောက်ခွဲခြမ်းအရွယ်စုံ ၂၂ ခြမ်း၊ စုစုပေါင်းအလေးချိန် ၆၉၀ ကီလိုဂရမ်ခန့်တို့ကို တွေ့ရှိသဖြင့် ဖမ်းဆီးမိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

မိုးညှင်းဘူတာ၌ ရပ်နားခဲ့စဉ်က ဖိုးကော်ဆိုသူမှ ၎င်း ပီနံအိတ်များနှင့်အတူ နဘားဘူတာသို့ လိုက်ပါလိုကြောင်း အကူအညီတောင်းခဲ့သဖြင့် အဆိုပါ ကျောက်စိမ်းတုံးများ ပါရှိသော ပီနံအိတ်များကို တင်ခဲ့ကြောင်း၊ ဖိုးကော်ဆိုသူမှာ ကွမ်းယာသွားဝယ်ဦးမည်ဟု ပြောကာ ရထားထွက်ချိန်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိခဲ့ကြောင်း စက်ခေါင်းမောင်ဦးသန့်ဇင်အောင်နှင့် လက်ထောက် စက်ခေါင်းမောင် ဦးသန်းထွန်းဦးတို့ထံမှ သိရသည်။

ကျောက်စိမ်းတုံးများပါရှိသော ပီနံအိတ်များကို သယ်ဆောင်ခဲ့သည့် ဖိုးကော်ဆိုသူကို မိုးညှင်းမြို့မရဲစခန်း (ပ)၉၅/၂၀၁၉၊ ကျောက်မျက်ပုဒ်မ-၅၁(က)ဖြင့် အမှုဖွင့်ကာ ဆက်လက်စုံစမ်းနေကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)

# မိမိစိုက်ပျိုးခဲ့သည့် အရိပ်ရအပင်များကို စည်ပင်ခုတ်လို့..



သို့
အယ်ဒီတာ
မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်းဟောင်းကို ပြည်နယ်အစိုးရ ညွှန်ကြားချက်နှင့် လမ်းတိုးချဲ့ကာ အသစ်ပြုပြင်နေပါသည်။ လမ်းသစ် ပြုပြင်ဆောင်ရွက်ခြင်းက အင်မတန်ကောင်းမွန်လှသည့် ဆောင်ရွက်ချက်ဖြစ်သော်လည်း လမ်းသစ်တိုးချဲ့မှုအတွက် နှစ်ပေါင်းကြာရှည်စွာ စိုက်ပျိုးထားရတဲ့ အရိပ်ရ သစ်ပင်ကြီးများစွာ ခုတ်ထွင်ရှင်းလင်းခံရမှုအတွက်တော့ စိတ်မကောင်းခြင်း များစွာဖြစ်ရပါသည်။

ယင်းလမ်းရှိ သစ်ပင်ကြီးများကို ၁၉၈၁ ခုနှစ် မတ်လတွင် တစ်ကြိမ်၊ ၁၉၉၀ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၀ ခုနှစ်တွင် တစ်ကြိမ် သုံးကြိမ်တိုင်တိုင် လမ်းသွားလမ်းလာများ ရာသီဥတု ပူပြင်းမှုဒဏ်မှ သက်သာစေရန် ကျွန်တော် စိုက်ပျိုးခဲ့ပါသည်။ နေရာစေ့ စိုက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပင် သုံးဆယ်ခန့်သာ ကျန်ရှိခဲ့သည်။

ယင်းလမ်း ပျက်စီးနေသောကြောင့် အသစ်ပြန်လည်ပြုပြင်လျှင် သစ်ပင်ကြီးများ မပါဝင်အောင် ဆောင်ရွက်ပေးရန် စည်ပင်ဥက္ကဋ္ဌကို အကူအညီ တောင်းခဲ့ဖူးသည်။ တစ်လခန့် အကြာတွင် လမ်းများ စတင်လုပ်ဆောင်နေပြီကို တွေ့ရသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သွားရောက်တွေ့ဆုံရာတွင် "နှမြောစရာတော့ ဟုတ်တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ..."ဟု ပြောသည်။ ထို့ကြောင့် ကျွန်တော် ဝန်ကြီးချုပ်နှင့် ထပ်မံတွေ့ဆုံကာ အကူအညီသွားရောက်တောင်းခံခဲ့ရာ မေးကြည့်ပေးမည်ဟု ဆိုခဲ့သည်။ သို့သော် ရက်သတ္တနှစ်ပတ်ခန့်အကြာမှာတော့ အပင်ကုန်လုနီးပါး ရှင်းလင်းခြင်း ခံလိုက်ရပါပြီ။ ကျွန်တော့်အနေနဲ့ များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ကျွန်တော် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်ကတည်းက ဒေသတစ်ဝိုက် လမ်းထောင့်နေရာများ မြေကွက်လပ်များတွင် အရိပ်ရ အပင်များ စိုက်ပျိုးခဲ့သည်မှာ ထောင်စေ့ပိုင်းမျှ ရှိခဲ့ပါပြီ။

လမ်းတိုးချဲ့ ပြုပြင်ရာတွင် အပင်များရှိသည့် တစ်ဘက်တည်းကို တိုးချဲ့ခြင်းမလုပ်ဘဲ အကျယ်အဝန်းကို လမ်းတစ်ဖက်တစ်ချက် မျှယူပေးပါက နှစ်ရှည်သစ်ပင်ကြီးများ ရှင်းလင်းခုတ်ထွင်ရန် မလိုအပ်ပေ။ ယခုလို တစ်ဘက်တည်း ချဲ့ကာ လုပ်ဆောင်နေမှုကြောင့် အရိပ်ရအပင်ကြီးများ ဆုံးရှုံးရမှုအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း မြစ်ကြီးနားသတင်းဂျာနယ်မှ တစ်ဆင့် တင်ပြလိုက်ရပါသည်။

ဦး လွမ်းခေါင်
မူးယစ်ဆေးရုံ မြစ်ကြီးနား
ရုံးအုပ်စာရေးကြီး (အငြိမ်းစား)

# ပြည်နယ် လူ / ကယ် / ပြန်မှ နေရပ်ပြန် စစ်ဘေးရှောင်များကို သွားရောက်ထောက်ပံ့

မေ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ နန်ဆန်ယန်ကျေးရွာသို့ နေရပ်ပြန်အိမ်ထောင်စုများကို ပြန်လည်အခြေချ နေထိုင်ရေးအတွက် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို မေလ ၂၃ ရက်က နန်ဆန်ယန်ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ နေရပ်ပြန် နေထိုင်သည့် အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၃၁၇ ဦးတို့အတွက် စားနပ်ရိက္ခာ တစ်လစာ၊ အိမ်ဆောက်ပစ္စည်း၊ ပြောင်းရွှေ့စရိတ် တစ်အိမ်ထောင်လျှင် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၅၂ စုအတွက် သွပ် ၂၀၈၀ ချပ်၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး စုစုပေါင်းငွေကျပ် သိန်း ၂၀၀ ကျော်တန်ဖိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား၌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနမှ ဝန်ထမ်းများက သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ■

မွန်းမွန်းပန်



# M▶vie view

ယခုအပတ် ရော(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ



နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်

**ကျော့မှာဂဠုန် ရင်မှာနဂါး**





ညနေ ၃း၃၀ ပွဲချိန်တွင်

**LA LLORONA**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

## စာအုပ်စင်ကဏ္ဍ

| သိုးရိုင်းလိုက်ဖမ်းစွန့်စားခန်း | |
|---|---|
| စာရေးသူ | = ရဲမြလွင် |
| ထုတ်ဝေသူ | = ကွမ်းခြံလမ်းစာပေ |
| တန်ဖိုး | = ၆၃၀၀ ကျပ် |




**ညီထွန်းလင်း**

ခေတ်ပြိုင် ကမ္ဘာ့စာပေလောကမှာ ဘုရင်တစ်ဆူဖြစ်တဲ့ ဂျပန်စာရေးဆရာ ဟာရူကီမူရာကာမိရဲ့ လုံးချင်း စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ မူရာကာမိဆိုတဲ့ စာရေးဆရာကို စာဖတ်ပရိသတ်တွေ စတင်သတိထားမိခဲ့တဲ့၊ မူရာကာမိကို မူရာကာမိဖြစ်စေခဲ့တဲ့ စာအုပ်တစ်အုပ် ဖြစ်သလို၊ မူရာကာမိရဲ့ အစောဆုံး လက်ရာစာအုပ်လည်းဖြစ်ပါတယ်။ မူရာကာမိရဲ့ လက်ရာဝတ္ထုရှည်ကြီးတွေကို မြန်မာဘာသာပြန် ဆရာအသီးသီးက ပြန်ဆိုခဲ့ကြလို့ စာဖတ်ပရိသတ်တွေ မူရာကာမိလက်ရာ တော်တော်များများကို ဖတ်ရှုခွင့် ရခဲ့ကြပါတယ်။ မူရာကာမိစာအုပ်တွေနဲ့ပတ်သက်ပြီး အဆိုတစ်ခု ရှိပါတယ်။ သူ့စာအုပ်တွေကို စဖတ်မိရင် ဘိန်းစွဲသလိုကို စွဲသွားတာပဲတဲ့။ ဒီအဆိုကို မူရာကာမိရဲ့ပရိသတ်စစ်စစ်တွေကတော့ သဘောတူလက်ခံကြမှာ သေချာပါတယ်။ စစ်သူကြီးကို သတ်ပစ်ခြင်းနောက်မှာ ပြန်ဆိုတဲ့ ယခု သိုးရိုင်းလိုက်ဖမ်းစွန့်စားခန်းစာအုပ်ကိုလည်း မူရာကာမိ ပရိသတ်တွေ အတွက်လက်တို့လိုက်ပါတယ်။

"မြက်ခင်း အစပ်တွင်မူ အဖြူအပွေးများ ပါသည့် ယူကလစ်ပင်ကြီးများက တန်းစီပြီး ပေါက်နေကြသည်။ ဟိုကိုင်းဒိုးကျွန်း၏ အထူးဝိသေသဖြစ်သော ယူကလစ်ပင်ကြီးများပင် ဖြစ်လေသည်။ အိမ်နီးနားချင်း သွားဆရာဝန်၏ အိမ်ပေါက်ဝတွင် တန်းစီစိုက်ထားသော အပေါစား ယူကလစ်ပင်များနှင့်ကား လုံးဝခြားနားကြပေသည်။ အပင်တန်းကြီးအား ရုတ်တရက် ကြည့်လိုက်ပါက ခေါင်းလေးလုံးပါသော ဧရာမဝက်ဝံကြီး တစ်ကောင်က ချွန်ထက်သော လက်သည်းများကို ဖြန့်ထုတ်ထားသည်နှင့်ပင် တူနေလေတော့သည်။ အရွက်များ၏ ပြန့်ကားနေသော အနေအထားကို ကြည့်ရခြင်းအားဖြင့် အချိန်ရာသီမှာ နွေဦး၌ပင် ရှိနေသေးကြောင်း ခန့်မှန်းရပေသည်။ တောတန်းကလေး၏ နောက်ဘက်ရှိ ပြာမောင်းလှသော တောင်တန်းကြီးများ၏ ထိပ်တွင်ကား အဖြူရောင် နှင်းခမောက်များကို ဆောင်းထားကြဆဲပင် ဖြစ်သည်။ တောင်ခါးပန်း၏ ချိုင့်ဝှမ်းမှ အပင်များပေါ်တွင်လည်း နှင်းစက်ကလေးများတင်နေသည်ကို တွေ့နေရသည်။ ဧပြီလနှင့် မေလကြား အချိန်ပင်ဖြစ်ပေလိမ့်မည်။ နှင်းများ အရည်ပျော်ကျထားသောကြောင့် မြေပြင်မှာ ရှုပ်ပွ နေတော့သည်။ ကောင်းကင်ကြီး၏ အရောင်မှာ ပြာလဲ့လဲ့ ဖြစ်ပုံရလေသည်။ အဖြူအမည်း ဓာတ်ပုံဖြစ်လေသောကြောင့် အပြာရောင်ဟုလည်း ကံသေကံမ ပြော၍မဖြစ်ပေ။ တစ်နည်းအားဖြင့် ပန်းရောင်လည်း ဖြစ်နိုင်ပေသည်။ ကောင်းကင်တစ်ခုလုံးတွင် အဖြူရောင်တိမ်တိုက်တို့က ဟိုတစ်စုသည်တစ်စု တွဲလဲခိုနေကြလေတော့သည်။ ကျွန်တော်က မည်မျှပင် စဉ်းစားစေကာမူ သိုးအုပ်သည် သိုးအုပ်သာ ဖြစ်သည်။ (စာ - ၁၀၃ မှ) ■

---

| ကျုံနော့် ခန္ဓာကိုယ်ထဲမှာ မိန်းမတစ်ယောက် ကျူးကျော်နေထိုင် | |
|---|---|
| စာရေးသူ | = ကလောင်စုံ |
| ထုတ်ဝေသူ | = အမတနှင်းဆီ |
| တန်ဖိုး | = ၃၀၀၀ ကျပ် |




**ညီထွန်းလင်း**

ရေအေး၊နေသန့်တို့ တွဲပြီး ထုတ်ဝေလိုက်တဲ့ ဝတ္ထုစုစည်းမှုဖြစ်ပါတယ်။ ဒီ စာအုပ်ထဲမှာ ပင်ကိုယ်ရေး ဝတ္ထုသုံးပုဒ်ပါရှိပြီး ဘာသာပြန် လက်ရာနှစ်ပုဒ် ပါရှိတယ်။ အမှာစာမှာ ဆရာနေသန့်က ဒီစာအုပ်ကို trilogy စာ အုပ်လို့ ညွှန်းထားပါတယ်။ ပြီးတော့ ဒီစာအုပ်ထဲမှာပဲ စာပေအင်တာဗျူး တစ်ခုလည်း ပါဝင်ပါသေးတယ်။ ဘာသာပြန်လက်ရာတွေ၊ ပင်ကိုယ်ရေးလက်ရာတွေနဲ့ အင်တာဗျူးတွေပါပါဝင်တဲ့ ဒီစာအုပ်ကတော့ ထူးခြားလှပါတယ်။ အရေးအသားများမှာလည်း သမားရိုးကျ အရေးအသားတွေထဲကနေ ဖောက်ထွက်ဖို့ အားထုတ်ထားတာကိုလည်း တွေ့ရပါတယ်။

"မောင်မောင် အခု အစည်းအဝေးခန်း တစ်ခုထဲရောက်နေတယ်။ ဆရာဝန်တွေမှ အများကြီးပဲ။ အားလုံး အယောက်နှစ်ဆယ်လောက် ရှိမလားပဲ။ အခန်းထိပ်တည့်တည့်မှာ ဆရာဝန်တွေဘက်ကို မျက်နှာမူပြီး ကော်ထိုင်ခုံ နှစ်လုံး ချထားတယ်။ မောင်မောင်နဲ့ မောင်မောင့်အမေက အဲဒီခုံနှစ်ခုံမှာထိုင်ရတယ်။ မောင်မောင်တို့ရဲ့ ဘယ်ဘက်က အုတ်နံရံဖြစ်ပြီး မောင်မောင်တို့ရဲ့ ညာဘက်မှာတော့ စားပွဲခုံတစ်လုံးနဲ့ ဆရာဝန်မတစ်ယောက် မောင်မောင်တို့ဘက် မျက်နှာမူထိုင်နေတယ်။ မောင်မောင်တို့နဲ့ မျက်နှာချင်းဆိုင် ရှေ့ဆုံးတန်းမှာက မနက်ခင်း မောင်မောင့်ကို လာလာကြည့်တဲ့ ဆရာမကြီးနဲ့ တခြားဆရာတစ်ယောက်၊ ဆရာမတစ်ယောက် ထိုင်နေတယ်။ နောက်တန်းတွေမှာကတော့ ရာထူးငယ်တဲ့ ဆရာဝန်တွေပေါ့။ မောင်မောင် ဆေးရုံရောက်ရောက်ချင်း တွေ့ရတဲ့ ဆရာဝန်က တတိယတန်းရဲ့ ဘယ်ဘက်အစွန်းဆုံးမှာ ထိုင်နေတယ်။ ဆရာဝန်တွေထိုင်နေပုံက မောင်မောင်တို့ကို အမှုစစ်တော့မယ့် တရားခံကို ဝိုင်းထားသလိုပဲ။ မျက်လုံးတွေ အားလုံးကလည်း မောင်မောင်တို့ကို ဝိုင်းပြီး ကြည့်နေကြတာ။ ဟင့်အင်း. . . အားလုံးက ဝိုင်းကြည့်နေတာတော့လည်း မဟုတ်ပါဘူး။ တချို့က ခေါင်းငုံ့ထားပြီး တချို့က တော့ အချင်းချင်းခပ်တိုးတိုး စကားပြောနေကြတာ။ တချို့မျက်လုံးတွေက လုပ်နေကျ တာဝန်ဝတ္တရား တစ်ခုကို မြန်မြန်ပြီးချင်နေကြတဲ့ မျက်လုံး၊ ပျင်းရိနေကြတဲ့ မျက်လုံးတွေ။

အခု ဘယ်သူနဲ့လာတာလဲတဲ့။ မောင်မောင်ရဲ့ ဘယ်ဘက်ဘေးက ဆရာဝန်မက မေးတယ်။" ■

# ကိုယ်ဝန်ဆောင်မိခင်တွေ နွေရာသီကို ဘယ်လိုဖြတ်သန်းသင့်သလဲ

**ကိုယ်**ဝန်ဆောင်မိခင်များအတွက် နွေရာသီသည် အလွန်တရာ ခက်ခဲသည့်အချိန် ဖြစ်မည်မှာ သေချာပေသည်။ မိခင်တစ်ဦးသည် ကိုယ်ဝန်ရှိလာသည်နှင့်တစ်ပြိုင်နက် ကိုယ်ခန္ဓာအတွင်း ဟော်မုန်းပြောင်းလဲမှုများ ဖြစ်ပေါ်တတ်သည်။ ဟော်မုန်းပြောင်းလဲမှုများကြောင့် ကိုယ်ခန္ဓာ အပူချိန်သည် သာမန်ထက် ပို၍မြင့်လေသည်။ ယခုလို ပူပြင်းသည့် ရာသီဥတုသည် ကိုယ်ဝန်ဆောင်မိခင်များကို ပိုမို ပူလောင်စေသည်။ စိတ်ကသိကအောက် ဖြစ်စေသည်။ ထို့အပြင် ကိုယ်ခန္ဓာ အေးမြစေမှုအတွက်သာမက ဝမ်းအတွင်းရှိ ကလေးငယ် အေးမြစေမှုအတွက်ပါ စွမ်းအင်ကို အသုံးပြုရသောကြောင့် သာမာန်ထက်ပို၍ ပင်ပန်းနွမ်းနယ်မှုကို ခံစားရတတ်သည်။ ကြွက်တက်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်းတို့သည် ပင်ပန်းနွမ်းနယ်မှုကြောင့် ဖြစ်ပေါ်လာရသည့် လက္ခဏာများပင် ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင် မိခင်တစ်ဦးအနေဖြင့် နွေရာသီတွင် ဂရုစိုက်၍ ပြုမူနေထိုင်သင့်သည်။ ဤဆောင်းပါးတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် နွေရာသီတွင် ပြုမူနေထိုင်သင့်သည်များကို ဖော်ပြပေးလိုက်ပါသည်။

**(၁)ရေများများ သောက်ပေးခြင်း**

နွေရာသီသည် အပူချိန်မြင့်မားသောကြောင့် ရေဓာတ်ပိုမိုကုန်ဆုံးတတ်သည်။ ရေဓာတ်သည် မိခင်အတွက်သာမက ဝမ်းအတွင်းရှိ ကလေးအတွက်ပါ အရေးကြီးသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တစ်နေ့တွင် အနည်းဆုံး ရေငါးခွက်မှ ခြောက်ခွက်အတွင်း သောက်သုံးပေးသင့်သည်။

**(၂) အေးမြသည့် နေရာတွင်နေထိုင်ခြင်း**

၁၀ နာရီမှ ၂ နာရီကြားသည် တစ်နေ့တာ၏ အပူပြင်းဆုံးအချိန် ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များ အနေဖြင့် အလွန်ပူပြင်းသည့်အချိန်တွင် အပြင်ထွက်ခြင်းကို ရှောင်ရှားသင့်သည်။ အပူချိန်မြင့်မားသည့် အချိန်တွင် အပြင်ထွက်ခြင်းသည် မိခင်နှင့်ကလေးအတွက် အန္တရာယ်ဖြစ်စေသောကြောင့် အေးမြသည့် နေရာတွင်နေထိုင်သင့်သည်။

**(၃) ပေါ့ပါးသည့် အဝတ်အစားများကို ဝတ်ဆင်ခြင်း**

ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် နွေရာသီတွင် အရောင်ဖျော့သည့် အဝတ်အစား၊ ပေါ့ပါးသည့် အဝတ်အစားများကို ဝတ်ဆင်သင့်သည်။ ပေါ့ပါးသည့် အဝတ်အစားများသည် သက်သောင့်သက်သာဖြစ်စေ၍ ချွေးထွက်လွန်ခြင်းကိုလည်း လျော့ချပေးလေသည်။

**(၄) အိပ်စက်အနားယူခြင်း**

အပူချိန်မြင့်မားမှုသည် ကိုယ်ဝန်ဆောင် မိခင်များကို ပိုမို ပင်ပန်းစေသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် အိပ်စက်အနားယူခြင်းသည် အလွန်အရေးကြီးပေသည်။ အိပ်စက်အနားယူခြင်းသည် ပင်ပန်းမှုကို လျော့ကျစေသည်။

**(၅) ဆံပင်ကို ဂရုစိုက်ခြင်း**

နွေရာသီတွင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မိမိတို့၏ဆံပင်ကို ဂရုစိုက်သင့်သည်။ မိမိတို့၏ ဆံပင်ကို စည်းထားခြင်းသည်လည်း အေးမြမှုကိုရစေ၍ ချွေးထွက်လွန်ခြင်းကို သက်သာစေလေသည်။ ရေချိုးပြီးနောက်ပိုင်းတွင်လည်း မိမိတို့၏ ဆံပင်ကို သေချာခြောက်အောင် သုတ်၍ ထားသင့်သည်။

**(၆) အာဟာရရှိသည့် အစားအစာများကို စားသုံးပေးခြင်း**

ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် အာဟာရရှိသည့် အစားအစာများကို စားသုံးပေးသင့်သည်။ နွေရာသီတွင် သခွားသီးကဲ့သို့သော ရေဓာတ်ပြည့်ဝသည့် အသီးအနှံများကို ပိုမိုစားသုံးပေးသင့်သည်။ ■

ဒွန်ဆိုင်းလောန် ရေးသားသည်

# မြစ်ကြီးနားမြို့တွင်း လမ်းမကြီးများ တိုးချဲ့ခြင်းနှင့် အပင်ခုတ်လှဲခြင်းအကျိုး နှင့် အပြစ်ကို သုံးသပ်ကြည့်ခြင်း



**၂၀၁၅** အထွေထွေရွေးကောက်ပွဲကြီးတွင် NLD ပါတီမှ မြေပြိုကမ်းပြိုအနိုင်ရကာ အစိုးရအဖွဲ့ဖြစ်လာကာ ကဏ္ဍစုံအဘက်ဘက်မှ ကြိုးစားအားထုတ်မှုများကို မြင်တွေ့ရသည်။ ကချင်ပြည်နယ်အစိုးရ ဖွဲ့စည်းအပြီး ကဲဘိနတ် Cabinet ဝန်ကြီးတစ်ဦးနှင့် စာရေးသူတွေ့ဆုံမေးမြန်းရာ ကချင်ပြည်နယ်အစိုးရ၏ အဓိကဦးစားပေးလုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ်တစ်ခုမှာ မြစ်ကြီးနားမြို့ကို ပြည်နယ်မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင် လုပ်ဆောင်သွားမည်ဟု ဖြေကြားခဲ့သည်။ ထိုရှေ့ဆောင် လုပ်ငန်းစဉ်ထဲတွင် လမ်းတံတား ဖောက်လုပ်ခြင်းမှာ အဓိကစီမံကိန်းဖြစ်သည်ကို တွေ့ရှိရသည်။ ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ထိုလုပ်ငန်းစဉ် တစ်ခုလုံးအပေါ် ပြည်နယ်အတိုင်းအတာဖြင့် ခြုံငုံသုံးသပ်ရန် မဟုတ်ပါ။ ၂၀၁၅ မှ စတင်၍ မြစ်ကြီးနားမြို့တွင်း လမ်းမကြီးများ တိုးချဲ့ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ်သူ၊ ပြည်နယ်သား တစ်ရပ်လုံး စဉ်းစားတွေးတော အမြင်ဖလှယ်နိုင်စေရန်၊ အဆိုးအကောင်းတင်ပြလိုခြင်းဖြစ်သည်။

> ❝ လမ်းတိုးချဲ့ဖောက်လုပ်ရန်အတွက်သာ စဉ်းစားပြီး ဤကဲ့သို့သော သမိုင်းဝင်သင်္ကေတများကို မဖျက်ဆီးသင့်ပါ။ ❞

### လမ်းတိုးချဲ့ခြင်း၏ အကျိုးများ

၁။ ယခင်ကထက် လမ်းများ ပိုမို ကောင်းမွန်လာသည်။ NLD ကချင်ပြည်နယ်အစိုးရ သက်တမ်းအတွင်း အောင်မြင်သော လုပ်ဆောင်ချက်တစ်ရပ် ဖြစ်သည်။ အများအသိအမှတ်ပြု ဂုဏ်ပြုသင့်သောအရာ ဖြစ်သည်။

၂။လမ်းဧရိယာ တိုးချဲ့ဖောက်လုပ်နိုင်ခြင်း၊ အနာဂတ် လူနေထူထပ်လာမည့်အချိန်၊ ယဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းနိုင်မည့် အမြော်အမြင်ကြီးသော လုပ်ဆောင်မှုတစ်ရပ် ဖြစ်သည်။

၃။ အချိန်တိုအတွင်း မြို့သူမြို့သားများ နေ့စဉ သွားလာလုပ်ရှားမှု နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ဖော်ဆောင်နိုင်မှုမှာလည်း ချီးကျူးဂုဏ်ပြုအပ်သော အောင်မြင်မှုကြီးတစ်ခု ဖြစ်သည်။

၄။ ရထားတံလမ်း ဖြတ်ကူးသည့် နေရာတွင် ပြေပြစ်စွာကားလမ်းကို ခင်းကျင်းလိုက်နိုင်ခြင်းမှာ အသေးအမွှားကိစ္စဟု ထင်ရပါသောလည်း၊ အများပြည်သူ၏ နေ့စဉ်ဖြတ်သန်း သွားလာမှုအတွက် အင်မတန် ချောမွေ့စေသောအရာ ဖြစ်သည်။

ဝမ်းနည်းစရာကိစ္စရပ်များ

လမ်းတံတား ဖောက်လုပ်ခြင်း၊ မြို့ပြစီမံကိန်းနှင့် မြို့တစ်ခု၏ အနာဂတ်မှာ ဒွန်တွဲနေသောအရာ ဖြစ်သည်။ ကချင်ပြည်နယ်၏ နောင် ၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀ နှစ်တွင် မည်ကဲ့သို့သော မြို့တော်ဖြစ်မည်ကို ယခုဖောက်လုပ်နေသော လမ်းများကို ကြည့်ခြင်းဖြင့် ပုံဖော်ကြည့်နိုင်သည်။ ယခုမြစ်ကြီးနားမြို့တွင်း တိုးချဲ့ဖောက်လုပ်နေသော လမ်းများကို ကြည့်ခြင်းအားဖြင့် ရင်လေးစရာအချက်ကြီး ၃ ချက် ရှိသည်ဟု သုံးသပ်မိသည်။

**၁။ သမိုင်းကို အလေးမထားသော မြို့တော်**

မြို့လယ်တွင် ယခင်ကရှိသော နာရီစင်များကို အလွယ်တကူပင် ဖြိုဖျက်ခဲ့သည်။ ဂျပန်အစိုးရမှ ဒုတိယကမ္ဘာစစ်တွင် မြစ်ကြီးနားမြို့သည် သမိုင်းဝင် မြို့တစ်မြို့ဖြစ်ခဲ့ခြင်း အထိမ်းအမှတ်အနေဖြင့် ဆောက်လုပ်ခဲ့သော နာရီစင် ဖြစ်သည်။ ဂျပန်နှင့် ကချင်လူထုစစ်အတွင်း ဖြစ်ခဲ့သမျှ အကြောင်းများကို သင်ပုန်းချေခဲ့ပြီး ချစ်ကြည်ရင်းနှီးသွားမည် ဟူသည့် သင်္ကေတဟုဆိုလျှင် မမှားနိုင်ပေ။ လမ်းတိုးချဲ့ဖောက်လုပ်ရန်အတွက်သာ စဉ်းစားပြီး ဤကဲ့သို့သော သမိုင်းဝင်သင်္ကေတများကို မဖျက်ဆီးသင့်ပါ။ အခြားသော နည်းလမ်းများ ရှာဖွေသင့်သည်။

**၂။လူထုကျန်းမာရေးနှင့် မသန်စွမ်းများအတွက် ထည့်သွင်းစဉ်းစားမှု မရှိခြင်း**

လမ်းများ တိုးချဲ့ဖောက်လုပ်ရာတွင် ယာဉ်များအတွက်သာ ဦးစားပေးစဉ်းစားထားပြီး အများသူငှာ လမ်းလျှောက်လျှင် အဆင်ပြေချောမွေ့စေမည့် လူသွားလမ်းများအတွက် ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။ အချို့နေရာများတွင် ပလက်ဖောင်းများ ရှိသောလည်း အလွန်ကျဉ်းမြောင်းပြီး အများသူငှာ လမ်းလျှောက်ရန် အဆင်ပြေချောမွေ့မှု မရှိပါ။ လမ်းလျှောက်လိုသူများအတွက် သက်သောင့်သက်သာ လျှောက်နိုင်ရန် ဆောက်လုပ်ထားသောလမ်းမျိုး မဟုတ်ပါ။ သွားရေးလာရေး အတွက် ဆိုင်ကယ်နှင့်ကားကိုသာ အမှီပြုရမည့် မြို့ပြပုံစံဖြစ်နေသည်။ လမ်းလျှောက်ခြင်းကို အားပေးသည့် လမ်းမျိုး မဟုတ်။ ထို့ကြောင့် လူထုကျန်းမာရေးကို အားမပေးသည့် လမ်းမျိုးဟု ဆိုလိုခြင်း

စာ .. ၁၆ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(မေ ၂၇ ၊ ၂၀၁၉)

# ဖားကန့် လဂူးဂျောင်ဒေသခံများက

# မြေစာပစ်ကုမ္ပဏီများကို လမ်းပိတ်ဆို့ ဆန္ဒပြ




မေ ၂၄

**ဖား**ကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ဝေ့ခါမော်တွင် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများမှ မြေစာစွန့်ပစ်မှုကြောင့် လူနေအိမ်များ မြေသား အိကျလာနေသည်ကို ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးခြင်း မရှိခဲ့သည့်အတွက် လဂူးဂျောင် ရပ်ကွက်(၆)မှ ဒေသခံအချို့က လမ်းပိတ်ဆို့ကာ သပိတ်စခန်း ဖွင့်လှစ် ဆန္ဒပြခြင်းကို မေလ ၂၃ ရက်နေ့က ပြုလုပ်ခဲ့သည်။

ဝေခါမော် အတွင်း ကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်သည့် ကျောက်စိမ်း သစ်ရွက်၊ ကျောက်မျက် ရွှေပြည်နှင့် ကျောက်စိမ်းမင်း ကုမ္ပဏီများက လူနေအိမ်ခြေများအနီး မြေစာသွန်ပစ်ရာ ပြီးခဲ့သည့်ဖေဖော်ဝါရီလက လဂူးဂျောင်ကျေးရွာ လူနေအိမ် ၂၇ လုံး ပျက်စီးခဲ့ပြီး အမြန်ဆုံး ပြုပြင်ပေးရန် ယင်းသို့ ဆန္ဒပြ တောင်းဆိုရခြင်း ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူ ကိုဇော်ဦးမှ ပြောသည်။

"ကျွန်တော်တို့က ပျဉ်တစ်ချပ်ပျက်ရင် ပျဉ်၊ သွပ်တစ်ချပ်ကွာရင်သွပ်၊ အဲဒီလိုပဲ ပြန်ပြင်ခိုင်းတာ။ ပျက်တဲ့အတိုင်းပဲ ပြန်ပြင်ခိုင်းတာ။ ဘာလျှော်ကြေးမှ မပါဘူး။ သူတို့က လာရောက်ဖြေရှင်းမပေးလို့ အခုလို လမ်းပိတ်လိုက်တာပါ"ဟုကိုဇော်ဦးက ရှင်းပြသည်။

ယင်းနေရာသည် ပြည်ထဲရေးအမည်မပေါက်သည့် နေရာဖြစ်ပြီး ကုမ္ပဏီနှင့် ပြည်သူအကြား မြေယာပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက တရားဥပဒေအတိုင်းသာ ဖြေရှင်းနိုင်ကြောင်း မီဒီယာများသို့ ဖြေကြားသည်။

သို့သော်လည်း ဆန္ဒပြဦးဆောင်တစ်ဦးဖြစ်သည့် ကိုချစ်တုံးက အုပ်ချုပ်ရေးအပိုင်းမှ နေထိုင်ခွင့်ပြုမှသာ နေထိုင်၍ ရကြောင်း၊ အိမ်ခြံတစ်ဝင်းအတွက် ကျပ်သိန်း ၅၀၊ ၃၈ သိန်း အသီးသီး ပေးချေရသူများလည်း ရှိကြောင်း၊ အုပ်ချုပ်ရေးအပိုင်းမှ အကွက်ပေးထားခြင်းဖြစ်ကြောင်း တုန့်ပြန်ပြောကြားသည်။

ဆန္ဒပြရာတွင် ကုမ္ပဏီကြောင့် မြေပြိုမည့် ဘေးအန္တရာယ် ရင်ဆိုင်နေရသူများအပေါ် တာဝန်ယူမှု မရှိသည့် ကုမ္ပဏီ အလိုမရှိ၊ လျှို့မြေချိုင့်ဝှမ်းတွင် စည်းကမ်းမဲ့ မြေစာပစ်သည့် ကုမ္ပဏီ အလိုမရှိ၊ စက်ယန္တရား အလွန်အကျွံသုံးပြီး တောင်ဖြိုမိုင်းခွဲသည့် ကုမ္ပဏီ အလိုမရှိ စသည့် စာသားပါဗီနိုင်းများ ကိုင်ဆောင်ခဲ့ကြသည်။

ယင်း သပိတ်စခန်းကို ရက်အကန့်အသတ်မရှိ ပြုလုပ်သွားရန် စီစဉ်ခဲ့သော်လည်း ကုမ္ပဏီနှင့် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာများက လာရောက်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့သောကြောင့် ထိုနေ့ညနေပိုင်းတွင် ရုတ်သိမ်းခဲ့ကြသည်။ ■

စည်သူ(မြစ်ကြီးနား)

စာ .. ၁၅ အပင်ခုတ်လှဲခြင်းမှ »

ဖြစ်သည်။

ဝမ်းနည်းစရာ ကောင်းသော နောက်တစ်ချက်မှာ မသန်စွမ်းများ သွားလာနိုင်မည့်လမ်း(Pavement) မရှိခြင်း ဖြစ်သည်။ ပလက်ဖောင်းများမှာလည်း မြင့်နေသည်၊ ကျဉ်းမြောင်းနေသည့်အတွက် မသန်စွမ်းများ အကူမပါဘဲ သွားလာနိုင်မည့် လမ်းမျိုး မဟုတ်ပါ။ အားနည်းသူများအတွက် ထည့်သွင်းစဉ်းစားပေးနိုင်ခြင်း မရှိသေးသည့်မြို့ပြ ဖြစ်နေသေးသည်။

### ၃။ နှစ်ရှည်ပင်ကြီးများ ခုတ်လှဲပစ်ခြင်း

ကက္ကိုသည် မြစ်ကြီးနားမြို့၏ပြယုဂ်တစ်ခုဖြစ်သည်။ အနှစ် ၂၀၊ ၃၀၊ ၄၀၊ ၅၀ နှစ်အထက်ရှိသော အပင်ကြီးများ လမ်းတစ်လျှောက် ပေါက်ရောက်ခဲ့သည်။ ထိုအပင်များ ဤသက်တမ်းသို့ ရောက်ရန်မှာ လွယ်ကူသော အရာမဟုတ်ပေ။ ဤသစ်ပင်များသည် မြစ်ကြီးနားကို အေးမြစေသည်။ စိမ်းလန်းစိုပြေစေသည်။ လမ်းတိုးချဲ့ရန် သက်သက်အတွက်သာ စဉ်းစားပြီး အနာဂတ် မြစ်ကြီးနားမြို့ စိမ်းလန်းစိုပြေစေမည့် အနာဂတ်ကို မဖျက်ဆီးသင့်ဟု ယူဆမိသည်။ ရုပ်ဝတ္ထုသက်သက် ဖွံ့ဖြိုးမှုသည် ဖွံ့ဖြိုးမှုအစစ် မဟုတ်ဟု ယူဆမိသည်။ သက်ရှည်အပင်ကြီးများကို ခုတ်လှဲမပစ်ဘဲ လမ်းတိုးချဲ့လုပ်ဆောင်နိုင်သော နည်းလမ်းမရှိတော့ပြီလော။ ကမ္ဘာ့မြို့ကြီး ပြကြီးများဖြစ်သည့် London ကဲ့သို့သော အထင်ကရမြို့တွင် လမ်းဧရိယာတွင်း ပေါက်ရောက်သော သက်ရှည်အပင်များကို ချန်လှပ်ပြီး လမ်းတိုးချဲ့ထားသည်ကို စာရေးသူ အင်္ဂလန်နိုင်ငံသို့ သွားရောက်စဉ် မြင်တွေ့ လေ့လာခဲ့ရဖူးသည်။ အင်္ဂလန်နိုင်ငံ၏ ရာသီဥတုမှာ အင်မတန်အေးသော ရာသီဥတုဖြစ်သည်။ သို့သော် အင်္ဂလန်မြို့သူမြို့သားများသည် အပင်အရိပ်ကို အင်မတန်မြတ်နိုးတန်ဖိုးထားကြသည်။ တစ်နှစ်ထက်တစ်နှစ် ရာသီဥတု ပိုမို၍ ပူပြင်းလာသော မြစ်ကြီးနားမြို့တွင် အသက်ရှည်အပင်ကြီးများ ပိုမို၍ပင် လိုအပ်သည်။ အနှစ် ၄၀၊ ၅၀ ရှိသော အပင်ကို ခုတ်လှဲလိုက်သူမှာ ထိုသက်တမ်းရှိ အပင်ကို တစ်ဖန်ပြန်လည် အစားထိုးစိုက်ပျိုးနိုင်သည့်သူ မဟုတ်သည့်အတွက် မခုတ်သင့်ဟု ယူဆမိသည်။ ခုတ်လှဲပြီးသော အပင်ကြီးများကို ဈေးကြီးကြီးနှင့် ပြန်လည် ရောင်းချလိုက်သည်ကို အချို့စားသောက်ဆိုင်များ၏ စားပွဲ၊ ကုလားထိုင်များကို ကြည့်ခြင်းအားဖြင့် တွေ့မြင်နိုင်သည်။ ကျဉ်းသော်လည်း အရိပ်ရသောလမ်းနှင့် ကျယ်သော်လည်း အရိပ်ကင်းမဲ့သော လမ်းကို ရွေးပါဆိုလျှင် ရေရှည်တွင် ပထမလမ်းကိုသာ မြစ်ကြီးနားမြို့သူ မြို့သားများ ရွေးမည်ဟု စာရေးသူ ယူဆမိသည်။ လမ်းတိုးချဲ့ရန် စဉ်းစားရာတွင် ကားဘယ်နှစီး တစ်ပြိုင်တည်း ဖြတ်သန်းနိုင်မည် ဆိုသည့် အခြေခံအကြောင်းအရာ အပေါ်တွင် မစဉ်းစားဘဲ မြို့သူမြို့သားများ၏ အနာဂတ် လူမှုပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးကို ဦးစားပေး စဉ်းစားသင့်သည်ဟု ထင်မြင်မိသည်။

### နိဂုံး

မြစ်ကြီးနား မြို့သူမြို့သားများအနေဖြင့် ရုပ်ဝတ္ထုသက်သက်သာ ဖွံ့ဖြိုးပြီး အစဉ်အလာကို အလေးမပြုသော၊ အားနည်းသူကိုလစ်လျူရှုသော၊ သဘာဝ ပတ်ဝန်းကျင်ကို ဥပက္ခာပြုသော အနာဂတ်မြစ်ကြီးနားမြို့သို့ သွားလိုသလော၊ သို့မဟုတ် အစဉ်အလာကို တန်ဖိုးထားလေးစားတတ်သော အားနည်းသူများအတွက် ထည့်သွင်း စဉ်းစားဖော်ဆောင်သော သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုကို တန်ဖိုးထားလေးစားသည့် မြို့ပြဆီသို့ ချီတက်မည်လော၊ မိမိ၏ ဆိတ်ငြိမ်စွာ နေခြင်းကြောင့် နောင်အနာဂတ် မျိုးဆက်များ၏ အပြစ်တင်ကဲ့ရဲ့ခြင်းမှ ကင်းဝေးကြပါစေ။ ■

လေးစားစွာဖြင့်
ဒန်ဆိုင်းလောန်
အလုပ်အမှုဆောင်
ညွှန်ကြားရေးမှူး
KachinLand Research Centre



# မြစ်ကြီးနားမှ ကရာတေးသင်တန်းသား သုံးရာကျော်ကို

## ဂျပန် ကရာတေးနည်းပြတစ်ဦး လာရောက်ပို့ချ



မေ ၂၃

ဂျပန်နိုင်ငံမှကရာတေး နည်းပြတစ်ဦးက ကချင်ပြည်နယ်မှ ကရာတေး အားကစားသမား သင်တန်းသူ/သား ၃၀၀ ကျော်ကို မြစ်ကြီးနားမြို့တွင် မေလ ၂၂ ရက်နေ့မှစတင်ကာ သုံးရက်ကြာ သင်တန်း လာရောက်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ပြုလုပ်ခဲ့ပြီး မြစ်ကြီးနားမှ ဇိုင်းဝန်ပေါင်၊ မန်ခိန်၊ ရွှေစက်၊ YMCA၊ ဖားကန့်တို့မှ ကစားသမားများ ဖြစ်သည်။

လာရောက်သင်ကြားပေးသူ ဆရာ Shiham Artur Hovhannsiyan (ရှီဟန် အာသာ ဟိုစပါယ်)သည် ကရာတေးပညာတွင် ကမ္ဘာမှ အသိအမှတ်ပြုထားသူ တစ်ဦး ဖြစ်သည့်အတွက် ကချင်ပြည်နယ်မှ ကစားသမားများအတွက် အကျိုးတက်ရောက်မှုများစွာ ရှိစေမည်ဟုလည်း ဇိုင်းဝန်ပေါင်ကလပ်မှ နည်းပြဆရာ ကိုယိန်းဘောမ်က ပြောသည်။

"သူက အရမ်းတော်တယ်။ သူကိုယ်တိုင်လာပြီးမှ သင်တန်းချိန် ၃ ချိန် လာပေးတာပေါ့။ ဒီကိုသင်တန်းလာပေးတာက အရင်တစ်ခေါက်က ဂျပန်နိုင်ငံတွေမှာ ချန်ပီယံဆုရခဲ့တော့ သူတို့က သတိထားမိလာတယ်။ မြန်မာနိုင်ငံက ဆရာရှီဟန်မင်းလွင်ကလည်း ဖိတ်ခေါ်တယ်။ ဟိုကလည်း လိုလိုလားလားနဲ့လာတယ်။ ကရာတေးပညာ ဆိုင်ရာ ဖိုက်တင်ပိုင်းတွေ လာပေးတာပေါ့။ ကမ္ဘာက အသိအမှတ်ပြုထားတဲ့ ဖိုက်တာတစ်ယောက် လာသင်မယ်ဆိုတော့ ပညာတော်တော်လေး ရမယ်လို့ ထင်ပါတယ်" ဟု ကိုယိန်းဘောမ်က ပြောသည်။

ကချင်ပြည်နယ်မှ ကရာတေး ကစားသမားများသည် နိုင်ငံတကာပွဲများတွင်လည်း ချန်ပီယံဆုများရရှိလာကြပြီး အုတ်မြစ်ကောင်း၊ အခြေခံနည်းစနစ်ကောင်းများ ရရှိစေရန်အတွက် ယခုကဲ့သို့ ဆရာကောင်း ခေါ်ကာ သင်ကြားပေးရခြင်း ဖြစ်သည်ဟုလည်း IKO MYANMAR ကရာတေးဆရာကြီး ရှီဟန် ဦးမင်းလွင်က ပြောသည်။

"သူ့ရဲ့ သင်ပုံသင်နည်းတွေ သိသွားတဲ့အခါကြရင် ကလေးတွေရော၊ ဆရာတွေရော အများကြီး အတုခိုးစရာ ရသွားမှာပါ။ ကလေးတွေ သင်တဲ့အခါကျရင် ဘက်စုံဖွံ့ဖြိုးရေးပါ သူတို့ကိုယ်သူတို့ ကျန်းမာအောင် လေ့ကျင့်နိုင်မယ်။ ကိုယ့်ဟာကိုယ် ကာကွယ်နိုင်မယ်။ ပြီးတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ စာရိတ္တပိုင်းဆိုင်ရာ တိုးတက်လာမယ်။ အများနဲ့လည်း ပူးပေါင်း ဆောင်ရွက်လာနိုင်မယ်။ နောင်တစ်ချိန်ကျရင်တော့ နိုင်ငံကို အကျိုးပြုနိုင့်မယ့် လူငယ်လေးတွေအများကြီးဖြစ်လာဖို့ ရည်ရွယ်ပါတယ်"ဟုဦးမင်းလွင်ကပြောသည်။

ယခုသင်တန်းသည် ပြိုင်ပွဲဝင်ရန်အတွက် အဓိက ရည်ရွယ်ခြင်း မဟုတ်ဘဲ လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကရာတေးကို လေ့ကျင့်ခြင်းအားဖြင့် အဘက်ဘက်တွင် ထူးချွန်လာရေးကို ရည်ရွယ်သည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

"ကရာတေးကို လေ့ကျင့်ခြင်းအားဖြင့် ဘာအကျိုးကျေးဇူးရလဲဆိုရင် ကိုယ့်ရဲ့ ကျောင်းစာမှာရော၊ ဘယ်အလုပ်မဆို လုပ်ရင် သူ အောင်မြင်အောင်လုပ်တတ်တယ်။ သေသေသပ်သပ်လေး လုပ်တတ်တယ်။ မဖြစ်မနေလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေ ရတယ်။ ကျွန်တော်တို့ ကရာတေးသင်ရတဲ့အဓိက ရည်ရွယ်ချက်က ဒါပါပဲ"ဟု ဦးမင်းလွင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဂျပန်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာကရာတေး ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့သည့် ကချင်ပြည်နယ်မှ ကစားသမား ၃ ဦး ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တက်လှမ်းခွင့် ရခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဧပြီလ ၂၀ နှင့် ၂၁ ရက်နေ့တို့တွင် ပြုလုပ်ခဲ့သည့်ကမ္ဘာ့ ဒုတိယအဆင့်ရှိနိုင်ငံတကာ ချစ်ကြည်ရေး ကရာတေး ပြိုင်ပွဲ (IKO FRIENDSHIP TOURNAMENT) တွင် မောင်ဂျာလ၊ မောင်ဆိုင်းလတ်အောင်၊ မဆန်မိုင်နူးတို့ သုံးဦး အနိုင်ရခဲ့ပြီးနောက် နောက်တစ်ဆင့် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ■

Salai

# မိုးညှင်းခရိုင်တွင် ၂၀၁၉ ခုနှစ်အတွက်

# လူရည်ချွန် ၆ ဦး ပေါ်ထွက်



မေ ၁၇

အစိုးရ စာသင်ကျောင်းများတွင် ၂၀၁၉ ခုနှစ်အတွက် လူရည်ချွန်မောင်မယ်များ ရွေးချယ်ခဲ့ရာ မိုးညှင်းခရိုင်အတွင်း မိုးညှင်းမြို့နယ်မှ လူရည်ချွန် မောင်မယ် ၆ ဦး ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူရည်ချွန် မောင်မယ်များမှာ မိုးညှင်းမြို့ အထက(၁)မှ ၄ဦး၊ အထက(၂)မှ ၁ ဦး၊ အုတ်ကျင်းအထကမှ ၁ ဦးတို့ဖြစ်ပြီး မိုးညှင်းခရိုင် ရွေးချယ်ခံကျောင်းသူ ကျောင်းသားပေါင်း ၁၈ ဦးအနက် မှ ဆန်ကာတင် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်ကြောင်း မိုးညှင်းမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

"ဒီနှစ် လူရည်ချွန် ခြောက်ဦးစလုံး ရရှိတာကတော့ လေ့ကျင့်ချိန်စောစော ပိုယူလိုက်ရလို့ပါ။ တကယ်တော်တဲ့ကလေးတွေရဲ့ အရည်အသွေးတွေကို မှန်မှန်ကန်ကန်ရွေးချယ်ပေးနိုင်ဖို့နဲ့ သူများမြို့နယ်တွေနဲ့ ယှဉ်ပြိုင်တဲ့အခါ အဆင်ပြေနိုင်စေဖို့ အားစိုက်ခဲ့ကြပါတယ်" ဟု မိုးညှင်းအထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွဲ့က ပြောသည်။

လူရည်ချွန်တစ်ဦး ဖြစ်ရန် ဆရာဆရာမတွေသင်ကြားပေးသည့် ကျောင်းစာတစ်ခုတည်းနှင့်မပြီးဘဲ အားကစားနှင့် ဗဟုသုတကဏ္ဍများတွင်လည်း ထူးချွန်ရန် လိုအပ်ကြောင်း၊ အချိန်များစွာ ပေးဆပ်ခဲ့ရကြောင်း မိုးညှင်းအထက(၁)အဋ္ဌမတန်းမှလူရည်ချွန်မသန့်ရီမွန်ဆွေက ပြောသည်။

"မောင်လေး ညီမလေး တို့ကိုလည်း ကျမတို့လို လူရည်ချွန် ဖြစ်စေချင်ပါတယ်။ လူရည်ချွန်ဆိုတာ သူများထက်ကို ချွန်ရမယ်။ စာမှာတင်မဟုတ်ဘဲ အားကစား ဗဟုသုတတွေ စတဲ့ အရာရာတိုင်းမှာ သူများထက်ကို သာနေရပါမယ်။ အမြဲ သွက်လက် ထက်မြက်နေရမယ်။ သူများထက်ကို ခြေတစ်လှမ်း အမြဲသာနေအောင် ကြိုးစားနေရမယ်လို့ ခံယူထားပါတယ်"ဟု မိုးညှင်း အထက(၂) ဒသမတန်းကျောင်းသူ လူရည်ချွန် ၂ ထပ်ကွမ်း မယမင်းစည်သူက ပြောသည်။

မိုးညှင်းခရိုင်အတွင်း မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ်များရှိ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၆ ဦးစီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မိုးညှင်းအထက(၁)မှ မောင်မင်းသန့် (ဒသမတန်း)၊ လူရည်ချွန် နှစ်ထပ်ကွမ်း မောင်အောင်ကျော်ကျော်ဘို(နဝမတန်း)၊ မမေရှယ်ရှယ်လင်း (နဝမတန်း)၊ မသန့်ရည်မွန်ဆွေ (အဋ္ဌမတန်း)၊ အထက(၂)မှ လူရည်ချွန်နှစ်ထပ်ကွမ်း မယမင်းစည်သူ(ဒသမတန်း)၊ အုတ်ကျင်းအထကမှ မောင်ထူးမြတ်စံ(အဋ္ဌမတန်း)တို့ ၆ ဦးစလုံး ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ကချင် ပြည်နယ်တွင် ၂၀၁၉ ခုနှစ်အတွက် မြစ်ကြီးနားခရိုင်မှ လူရည်ချွန် ၁၂ ဦး၊ မိုးညှင်းခရိုင်မှ ၆ ဦး၊ ဗန်းမော်ခရိုင်မှ ၆ ဦး၊ ပူတာအိုခရိုင်မှ ၆ ဦး ရွေးချယ်ကာ လေ့လာရေး ခရီးစဉ်အဖြစ် ငွေဆောင်ကမ်းခြေ ခရီးစဉ်၊ ပုဂံခရီးစဉ်၊ အင်းလေးခေါင်တိုင်လေ့လာရေး ခရီးစဉ်များ သွားရောက်ခဲ့ကြကြောင်း ကချင်ပြည်နယ် ပညာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဦးထံမှ သိရသည်။ ■

ထွန်းထွန်း(မိုးညှင်း)

# အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲတွင်

## ကချင်ပြည်နယ်သားနှစ်ယောက် နှစ်ဆုရ



မေ ၂၂

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၁၆ ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှကစားသမားနှစ်ဦးက ငွေနှင့်ကြေးဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့၌ မေလ ၁၆ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ဝိုင်းမော်မြို့မှ ဂျဝါနော်အောင်၊ လထော်ဇော်တောင်၊ မဝတ်ရည်နှင်းနှင့် မြစ်ကြီးနားမြို့မှ ကိုဘရန်မိုင်တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ ဒုတိယဆုတစ်ဦးနှင့်၊ တတိယဆုတစ်ဦး ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ကိုဘရန်မိုင်က ၇၅ ကီလိုတန်း၊ ကိုလထော်ဇော်တောင် ကီလို ၇၀ တန်း၊ ကိုဂျဝါနော်အောင်က ၆၅ ကီလိုတန်းနှင့် ၄၅ နှစ်အထက် သက်ကြီးမောင်၊ ဝတ်ရည်နှင်းက အရပ်အမြင့် ၁၆၀ စင်တီမီတာအောက် အမျိုးသမီး Model Physique နှင့် အမျိုးသား၊ အမျိုးသမီး စုံတွဲပြိုင်ပွဲ (Mixed Pairs) အတန်းခြောက်တန်းတို့တွင် ယှဉ်ပြိုင်ခဲ့ရာ လထော်ဇော်တောင်က ဒုတိယဆုနှင့် ကိုဂျဝါနော်အောင်က ၄၅ နှစ်အထက် သက်ကြီးမောင် တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

၎င်းအပြင် အမျိုးသား၊ အမျိုးသမီး စုံတွဲပြိုင်ပွဲ (MixedPairs) ကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုဂျဝါနော်အောင်နှင့် မဝတ်ရည်နှင်းတို့မှာ အဆင့်ငါးနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အပြင် ၆၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းတို့တွင်လည်း အဆင့်ငါးရရှိခဲ့ကြကြောင်း သိရသည်။

ဂျဝါနော်အောင်က ၎င်းအနေဖြင့် ပြိုင်ပွဲအတွင်း အစားအသောက်များကိုရှောင်ရှားကာ အခက်အခဲများကြားမှနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့ရ၍ ကျေနပ်မိကြောင်းနှင့် အခြားပြိုင်ပွဲများလည်း ဆက်လက် ယှဉ်ပြိုင်လိုကြောင်း မြစ်ကြီးနား သတင်းဂျာနယ်သို့ ပြောသည်။

"ခက်ခဲတာကတော့ အချိန်တွေ အများကြီး အလုပ်တွေ ပစ်ထားရတယ်။ တော်တော်ခက်ခဲပါတယ်။ ပြိုင်ပွဲရက်နီးတော့ ရေကို သုံး၊ လေးရက် ကြိုပြီးမှ ရေကို မသောက်ဘဲနဲ့ နေရတယ်။ ဆုကြေးရယ်လို့ ကျွန်တော်တို့က အဓိက မဟုတ်ဘူး။ ကစားသမားတစ်ယောက်ရဲ့ အောင်မြင်ဂုဏ်ကို ရယူရတာ အဓိကပေါ့။ အောင်မြင်မှ ကျွန်တော်တို့က နေရာတစ်ခုရတာပေါ့။ ကျွန်တော်ဆို အသက်၄၅နှစ် ရှိနေပြီ၊ မလျှော့သေးဘူး။ ဆက်ပြီးတော့မှ ပြိုင်နိုင်သလောက်ပြိုင်သွားမယ်။ ကျွန်တော်နဲ့အတူ ကျွန်တော့်ရဲ့ ကစားသမားတွေကို လက်တွဲခေါ်သွားမယ်" ဟု ဂျဝါနော်အောင်က ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် တီမောနိုင်ငံမှလွဲ၍ အရှေ့တောင်အာရှ နိုင်ငံ ၁၀ နိုင်ငံမှ ကစားသမား စုစုပေါင်း ၁၂၀ ကျော်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီး အတွဲလိုက်တန်းအပါအဝင် အမျိုးသား ၁၄ တန်း၊ အမျိုးသမီး ၈ တန်း စုစုပေါင်း ၂၂ တန်း ယှဉ်ပြိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်အားကစား အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းထံမှ သိရသည်။

မြန်မာနိုင်ငံမှ ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် ကစားသမားဦးရေ ၄၆ ဦးရှိပြီး အိမ်ရှင်မြန်မာမှ ရွှေ ၉ ခု၊ ငွေ ၁၀ ခုနှင့် ကြေး ၁၀ ခု စုစုပေါင်း ၂၉ ခုကို ရရှိခဲ့သည့်အနက် ကချင်ပြည်နယ် ဝိုင်းမော်မြို့မှ ကစားသမားနှစ်ဦးက ငွေတံဆိပ်ဆုတစ်ဆုနှင့် ကြေးတံဆိပ်ဆုတစ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ ■

Benadeth

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)
BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# မြစ်ကြီးနား မယ်စကြာဝဠာ ပြိုင်ပွဲတွင် ရေကူးဝတ်စုံဖြင့် ယှဉ်ပြိုင်ရမည့် အစီအစဉ် ပယ်ဖျက်




မေ ၂၂

Miss Universe Myanmar 2019 ပြိုင်ပွဲကြီးအတွက် မြစ်ကြီးနားမြို့နယ် ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲတွင် ရေကူးဝတ်စုံဖြင့် ယှဉ်ပြိုင်ရမည့် အစီအစဉ်မပါဝင်တော့ကြောင်း Miss Universe Myitkyina Facebook Page မှ မေလ ၂၀ ရက်နေ့က တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတကာအဆင့်တွင် ရေကူးဝတ်စုံဖြင့် ယှဉ်ပြိုင်ကြရမည် ဖြစ်သော်လည်း မယ်စကြာဝဠာ မြစ်ကြီးနားပြိုင်ပွဲကို မထည့်သွင်းရခြင်းမှာ ယှဉ်ပြိုင်သည့် အလှမယ်များ စိတ်ပါဝင်စားမှု တိုးမြင့်လာစေရန်နှင့် နှစ်စဉ်ကျင်းပသော ပြိုင်ပွဲများနှင့်မတူသည့် ခံစားမှုများ ပေးနိုင်ရန်၊ ရေကူးဝတ်စုံအစား ပိုမိုအကျိုးရှိသည့်ပွဲစဉ်ကို ထည့်သွင်းပြုလုပ်သွားရန် ဖြစ်ကြောင်း ပွဲစီစဉ်သူ Maran Entertainment အမှုဆောင်အရာရှိချုပ် ကိုမရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ရေကူးဝတ်စုံနဲ့ ယှဉ်ပြိုင်မှုက ထည့်ကို ထည့်သင့်တဲ့ ကဏ္ဍတစ်ခုဖြစ်တယ်။ ခန္ဓာကိုယ်ရဲ့ လှပမှု၊ ကျန်းမာသန်စွမ်းမှုနဲ့ အသားအရေလှပမှုကို ပြတာကို ပါကိုပါရမယ့် အရာဟုတ်တယ်။ အဲ့ဒီအစား ပိုပြီး ထူးခြားတဲ့ အဲ့ဒါနဲ့ တူညီတဲ့ အရာတစ်ခုကို ပြသပေးမယ်။ အကျိုးပြုတဲ့ အရာတစ်ခုကို လုပ်သွားစေချင်တယ်။ အကျိုးပြုတာ တော့ အကျိုးပြုတာပဲ။ ဒါပေမဲ့ ထိထိရောက်ရောက်လုပ်နိုင်တဲ့ ကဏ္ဍတစ်ခုကိုတော့ စပြီးတော့ လုပ်နေပြီ" ဟု ကိုမရန်ဆိုင်းနော်က ပြောသည်။

Miss Universe Myitkyina 2017 ဆုရ အလှမယ် ဂျာဒင်ကိုင်ကယခုလို ရေကူးဝတ်စုံအစီအစဉ်ကို ဖြုတ်လိုက်ခြင်းသည် ရေကူးဝတ်စုံကြောင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ရှက်ရွံ့နေသည့် မိန်းမလှလေးများကို လက်မလွှတ်ချင်သောကြောင့် ဖြစ်မည်ဟု သူမ၏ အမြင်ကို ပြောပြသည်။

"မြစ်ကြီးနားမှာက အရမ်းလှတဲ့သူတွေ အများကြီးရှိတယ်။ ရေကူးဝတ်စုံနဲ့လည်း ယှဉ်ပြိုင်ရမယ်ဆိုတော့ မပြိုင်ရဲတာတို့လည်း ပါမယ်။ ရေကူးဝတ်စုံယှဉ်ပြိုင်မှုတစ်ခုတည်းနဲ့ပဲ လှတဲ့သူကို လက်မလွှတ်ချင်ဘူး။ မိဘတွေလည်း ဒီဟာပါမယ်ဆိုရင် မပြိုင်ခိုင်းတာတို့ဖြစ်လို့လားပေါ့နော်။ ဒီမှာ (မြန်မာပြည်မှာ)က သိပ်ပြီး လက်မခံနိုင်သေးတဲ့ အခြေအနေရှိသေးတယ် ဆိုတော့လေ။ အဲ့ဒါတစ်ခုတည်းနဲ့ လာမပြိုင်တာ မဖြစ်ခိုင်းစေချင်လို့ ထင်ပါတယ်။"ဟု ၎င်းက သုံးသပ်သည်။

ယှဉ်ပြိုင်မည့်ပွဲစဉ်၌ ညနေခင်းဝတ်စုံ၊ တူညီဝတ်စုံနှင့် ရေကူးဝတ်စုံဖြင့် ယှဉ်ပြိုင်မည့် ပွဲစဉ်အစား ထူးခြားသည့် အစီအစဉ်တစ်ခုကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ ယှဉ်ပြိုင်မှု အဆင့်တိုင်းအတွက် ဖိနပ်မှလွဲပြီး ကျန်ကိစ္စများကို Maran Entertainment မှ တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ မြစ်ကြီးနားမြို့ကိုယ်စားပြု အလှမယ်တစ်ဦး ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရမည့် အလှမယ်သည် မနောဇကရီ ကျောက်စိမ်း သရဖူနှင့်အတူ တစ်နှစ်စာ လစာခံစားခွင့်၊ Miss Universe Myanmar 2020 သွားရောက်ယှဉ်ပြိုင်ခွင့်၊ တစ်နှစ်တာ အခမဲ့ သွားအလှ၊ မျက်နှာအလှ ပြုပြင်ထိန်းသိမ်းခွင့် ကဲ့သို့သော အထူးခံစားခွင့်များ ရရှိမည့်အပြင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ရာတွင် ရွေးချယ်ခံရပါက နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် လျှောက်လွှာများကို စီတာပူ အဝိုင်းပတ်အနီးရှိ Beauty Bar နှင့် Lisu Girl ဆိုင်များတွင် အခမဲ့ ထုတ်ယူပြီး ဇွန်လ ၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပြီဖြစ်ကာ အသေးစိတ် အချက်အလက်များကို ပိုမိုသိရှိလိုပါက ဖုန်းနံပါတ်- ၀၉-၅၄၀၄၄၉၆၆၊ ၀၉-၇၉၄ ၂၇၄ ၅၄၉၊ ၀၉ - ၇၉၂၀၂၁ ၀၂၈ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ ■

Benadeth

# ဖားကန့်မြို့၏ ပထမဆုံး ရုပ်ရှင်ရုံ




မေ ၂၂

ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် ပထမဦးဆုံးအဖြစ် အဆင့်မြင့်ရုပ်ရှင်ရုံတစ်ရုံကို မေလ ၁၈ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။

'Dai Zuk' အမည်ရ အဆိုပါ အဆင့်မြင့်ရုပ်ရှင်ရုံသည် ဖားကန့်မြို့နယ်၊ နမ့်မ္ဗဖြစ်အုပ်စု၊ ထွယ်ဆန်ယန်၌ တည်ဆောက်ထားပြီး ရုပ်ရှင်ရုံအတွင်း၌ တစ်ဦးချင်းထိုင်ခုံနှင့် နှစ်ယောက်ထိုင်ခုံပါထိုင်ခုံပေါင်း ၃၉၀ ထည့်သွင်းထားပြီး စုစုပေါင်း လူဦးရေ ၄၀၂ ယောက် တစ်ပြိုင်တည်း ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖားကန့်မြို့မှ ကချင်စီးပွားရေး လုပ်ငန်းရှင်များက အနုပညာနှင့် ပတ်သက်သော လုပ်ငန်းကို ပထမဦးဆုံး လုပ်ဆောင်ခြင်း ဖြစ်ကြောင်းနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း 'Dai Zuk' အဆင့်မြင့်ရုပ်ရှင်ရုံမှ အထွေထွေမန်နေဂျာမှန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဖားကန့်ဆိုတာက အမိက ကတော့ စီးပွားရှာတဲ့နယ်မြေဟုတ်တယ်။ လူငယ်တော်တော်များများ မူးယစ်ဆေးကျွန်မှာ ကျရှုံးနေတယ်၊ ပျောက်ဆုံးနေတယ်။ ဘာကြောင့်လဲဆိုရင် အပန်းဖြေမယ့်နေရာမရှိလို့"ဟု၎င်းက ပြောသည်။

ဖွင့်ပွဲအခမ်းအနားတက်ရောက်လာသည့် သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ လူမင်းက ဖားကန့်ဒေသတွင် အဆင့်မြင့်ရုပ်ရှင်ရုံထပ်တိုးလာအတွက် ရုပ်ရှင်လောကနှင့် ပြည်သူများအတွက် ဝမ်းသာကြောင်း၊ လောဘန္တရုပ်ရှင် ဇာတ်ကားကြီး ရိုက်ကူးချိန်က ဖားကန့်ဒေသတွင် ရုပ်ရှင်ရုံဆောက်လုပ်ရန် ၎င်းမှ အားပေးခဲ့ရာ ယခုကဲ့သို့ အမှန်တကယ် အကောင်အထည်ပေါ်လာသောကြောင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

"ရုပ်ရှင်ရုံတစ်ရုံ ဆောက်ဖို့ဆိုတာ အိမ်တစ်လုံး၊ ဟိုတယ် တစ်လုံးဆောက်တာနဲ့မတူပါဘူး။ နည်းပညာပိုင်းတွေ အများကြီးလိုအပ်ပါတယ်။ ဆောက်ပြီးရင်လည်း ဇာတ်လမ်းရုပ်ရှင်ပြသမှုစနစ်တို့၊ ရုပ်သံစနစ်တွေ၊ မီးစနစ်တွေ အများကြီးလိုအပ်တဲ့ အတွက် သာမန်ပြည်သူတစ်ယောက်အနေနဲ့ ရုပ်ရှင်လုပ်ငန်း လုပ်ဖို့ဆိုရင် အခက်အခဲအများကြီး ကြုံတွေ့ရနိုင်ပါတယ်"ဟု ဦးလူမင်းက ပြောခဲ့သည်။

ထိုရုပ်ရှင်ရုံတွင် Coffee Bar ပါရှိသောကြောင့် နိုင်ငံတကာ အဆင့်မီကော်ဖီ အမျိုးမျိုးကို ရရှိနိုင်မည့်အပြင် ထိုင်း၊ တရုတ် အစားအစာများနှင့် အချိုရည်မျိုးစုံတို့ကိုပါ ရရှိနိုင်ကြောင်း သိရသည်။

'Dai Zuk' အဆင့်မြင့်ရုပ်ရှင်ရုံတွင် မြို့ကြီးများတွင် ပြသသည့် ဇာတ်ကားများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ကာ တစ်နေ့လျှင် ပုံမှန်သုံးကြိမ်ပြသသွားမည့်အပြင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကိုပါ ထပ်တိုးပြသမည် ဖြစ်ကြောင်းနှင့် လက်မှတ်များကို ကျပ် ၃၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ အသီးသီး သတ်မှတ်ထားကြောင်းလည်း သိရသည်။

အဆိုပါ ဖွင့်ပွဲ၌ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ လူမင်းနှင့် ဇနီး မခင်စံပယ်ဦး၊ ကချင်အနုပညာရှင်များ အသင်းချုပ်မှ ဥက္ကဋ္ဌ လထော်ဇော်ဒိန်၊ သရုပ်ဆောင်/ ဒါရိုက်တာ JZ ဒေါင်လွှဏ်း၊ နိုင်ငံကျော် တေးသံရှင် မရန်ဆိုင်းနော်နှင့် ကချင်အနုပညာရှင် အမြောက်အများ တက်ရောက်ခဲ့ကြသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်မြို့တို့သာ ရုပ်ရှင်ရုံများရှိပြီး ကျန်ဆယ်မြို့ကျော်တွင် မရှိသေးပါ။ ■

Benadeth

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ဂုဏ်ထူးဆောင်ဆု ဂုဏ်ထူးဆောင်ဆု
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်

မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် ကုန်အာမခံစည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့၊
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် ကုန်အာမခံစည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။


ကျပ်သိန်း ၃၀၀
ကံထူးရှင် ဘော်ဒါများ
BAWDAR
BAWDAR
BAWDAR SMOOTH LAGER BEER
အမေး ။ ။ သိန်းသုံးရာဆုကြီးဘယ်လိုပေါက်ခဲ့တာလဲ။
အဖြေ ။ ။ ပေါက်တဲ့ညကသူငယ်ချင်းတွေလစလည်းထုတ်ကြတော့ စုသောက်ရင်းနဲ့ မထင်လည်းမထင်ထားဘူးပေါ့။ သောက်ရင်းသောက်ရင်းနဲ့ နောက်ဆုံးသိန်း (၃၀၀) ပေါက်တယ်ဆိုတော့ ပျော်တာပေါ့။
အမေး ။ ။ ဒီဆုကြီးပေါက်တော့ဘယ်လိုခံစားရလဲ။
အဖြေ ။ ။ အဲ့အချိန်မှာအဲ့ဒါကြည့်လိုက်တော့ စာတန်းတွေ့တော့၊ အနောက်ကပိုစတာကို လှည့်ကြည့်လိုက်တော့ ဒီစာတန်းကတော့ တစ်စုစုထူးခြားနေပြီပေါ့။ ကြည့်ကြည့်လိုက်တော့ သိန်း (၃၀၀) အဲ့အချိန်မှာအကုန်လုံးထခုန်ကြကကြ ပျော်ပျော်ပါးပါးနဲ့ တစ်ဆိုင်လုံးကလည်းလာပြီး ဂုဏ်ပြုကြနဲ့ အဲ့အပျော်ကတော့ ဘာနဲ့မှလဲလို့တော့မရဘူး။
အမေး ။ ။ အမြဲတမ်းဘော်ဒါတွေနဲ့ အတူသောက်တာလား။
အဖြေ ။ ။ တစ်ယောက်ထဲတော့ကျွန်တော်တို့ကမသောက်ဘူး။ သူငယ်ချင်းတွေဆုံပြီးပဲသောက်တယ် ပျော်ပျော်ပါးပါးပဲ အားလုံးစုရှင်းကြတယ်။
အမေး ။ ။ ပေါက်သွားတဲ့ဆုနဲ့ ဘာလုပ်မှာလည်း။
အဖြေ ။ ။ ရတဲ့ဟာကို ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့မှာစည်းကမ်းလေးတစ်ခုက ရတဲ့ဟာကို အကုန်လုံး ဝေပုံမျှ၊ ပြီးရင်လိုအပ်တဲ့နေရာမှာလှူဖို့ ဘယ်လောက်ဘယ်လောက်ကောက်မယ်ဆိုတာလည်း ဝေပုံမျှ သူတို့ကိုပြောလိုက်တယ်။
အမေး ။ ။ ဘော်ဒါတွေကိုဘာပြောချင်လဲ။
အဖြေ ။ ။ ကျွန်တော်တို့က BAWDAR စထွက်ထဲကလည်းသောက်ဖြစ်တယ်။ BAWDAR ရဲ့အရသာကိုလည်းသဘောကျတယ်။ အရသာလည်းကောင်းတယ်ဆိုတော့ ဆက်လည်းသောက်မယ်။
#ALWAYSBAWDAR
18+ ဘော်ဒါ အား သူငယ်ချင်းများနှင့်အတူ ချင့်ချိန် သုံးဆောင်ပါ
BAWDAR SMOOTH LAGER BEER